**အက်ဥပဒေ**

**ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ခြင်း**

**၂၀၁၁ ခုနှစ်**

**ဖူမိဖုန်အလွန်းယလိတ် ပေါ်.လော.**

**၉ ရက်နေ့ နိုဝင်ဘာလ ၂၀၁၁ ခုနှစ်တွင် ပေးထားပြီး**

**လက်ရှိအစိုးရ၏ ၅၆ နှစ်မြောက်ဖြစ်သည်။**

ဖလာ့ပေါလမင်ထွမ်မဟာဖူမိဖုန်အလွန်းယလိတ်ဘုရင်မင်းမြတ်သည် အောက်ပါကဲ့သို့ ကြေညာထားသည်။

ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ခြင်းနှင့်ပတ်သက်သော ဥပဒေရှိရန်သင့်တော်သောကြောင့်ဖြစ်သည်။

ဤအက်ဥပဒေသည် လူပုဂ္ဂိုလ်၏လွတ်လပ်ရေးနှင့်အခွင့်အရေးတစ်ချို့ကို ကန့်သတ်ထားသော ဥပဒေအချို့ပါဝင်သည်။ **ထိုင်းနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံအက်ဥပဒေ ပုဒ်မ ၂၉ အပါအဝင် ပုဒ်မ ၃၄ ပုဒ်မ ၃၇ ပုဒ်မ ၃၉ ပုဒ်မ ၄၈ နှင့် ပုဒ်မ ၅၀ တို့တွင် သတ်မှတ်ထားသောဥပဒေအတိုင်း အာဏာရှိသူမှ ပြုလုပ်နိုင်ကြောင်း သတ်မှတ်ထားသည်။**

**ထို့ကြောင့်ဘုရင်မင်းမြတ်မှ သနားတော်မူပြီး အက်ဥပဒေအသစ်ကို ပါလီမန်လွှတ်တော်၏ ညွှန်ကြားချက်နှင့် သဘောတူချက်များရယူပြီး အောက်ပါအတိုင်းပြုလုပ်ထားသည်။**

ပုဒ်မ ၁ ဤအက်ဥပဒေကို ``၂၀၁၁ ခုနှစ် ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ခြင်း အက်ဥပဒေ´´ ဟုခေါ်သည်။

ပုဒ်မ ၂ ဤအက်ဥပဒေကို အစိုးရပြန်တမ်းတွင်ကြေညာပြီးနောက်ပိုင်းမှစ၍ နောက်တစ်နေ့တွင် စတင်အသုံးပြုရမည်။

ပုဒ်မ ၃ ပယ်ဖျက်စေခြင်း

(၁) ၁၉၃၄ ခုနှစ် ကြေးနန်းနှင့်တယ်လီဖုန်းအက်ဥပဒေ

(၂) ၁၉၇၄ ခုနှစ် ကြေးနန်းနှင့်တယ်လီဖုန်းအက်ဥပဒေ (ဒုတိယစာစောင်)

ပုဒ်မ ၄ ဤအက်ဥပဒေတွင်

``ဆက်သွယ်ရေးလုပ်ငန်း´´ ဆိုလိုသည်မှာ အသံလိုင်းစီမံခြင်းနှင့် ရေဒီယိုအသံလွှင့်လုပ်ငန်း၊ ရေဒီယိုရုပ်မြင်သံကြားနှင့်ဆက်သွယ်ရေးလုပ်ငန်းကြီးကြပ်ခြင်းအဖွဲ့အစည်း ဥပဒေအရဖြစ်သော ဆက်သွယ်ရေးလုပ်ငန်း

``ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ခြင်း´´ ဆိုလိုသည်မှာ အခြားပုဂ္ဂိုလ်များအား ဆက်သွယ်ရေးလုပ်ငန်းပိုင်း ဝန်ဆောင်မှုပေးသူဖြစ်သော လက္ခဏာရှိသည့် ဆက်သွယ်ရေးလုပ်ငန်း လုပ်ဆောင်ခြင်း

``ဆက်သွယ်ရေးလုပ်ငန်းနံပါတ်´´ ဆိုလိုသည်မှာ ဆက်သွယ်ရေးလုပ်ငန်းအတွက် ဆက်သွယ်ရေးကွန်ယက်ဖော်ပြရာတွင် အသုံးပြုသော နံပါတ်၊ စာလုံး၊ (သို့) အခြားအမှတ်အသားတစ်ခုခု (သို့) အများစုစည်းပေါင်းထားသောအမှတ်အသား

``ဆက်သွယ်ရေးကွန်ယက်´´ ဆိုလိုသည်မှာ ကြိုးစနစ်၊ အသံလိုင်းစနစ်၊ အလင်းရောင်စနစ်၊ လျှပ်စစ်သံလိုက်လှိုင်းစနစ်၊ စနစ်တစ်ခုခု (သို့) စနစ်များစုပေါင်းခြင်းဖြင့် သတ်မှတ်ထားသော ပစ်မှတ်ခရီးလမ်းဆုံးတို့အကြား ဆက်သွယ်ရေးလုပ်ဆောင်ရန်အတွက် တိုက်ရိုက် (သို့)လိုင်းဖလှယ်စက်ဖြင့် (သို့) အခြားစက်ဖြင့် ချိတ်ဆက်ထားသော ဆက်သွယ်ရေးလုပ်ငန်းစက်ပစ္စည်းအုပ်စု

``ချိတ်ဆက်ခြင်း´´ ဆိုလိုသည်မှာ တစ်ဖက်မှဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှုပေးသူ၏ ဝန်ဆောင်မှုသုံးစွဲသူနှင့် အခြားတစ်ဖက်မှ ဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှုပေးစွမ်းသူ၏ ဝန်ဆောင်မှုသုံးစွဲသူတို့ ဆက်သွယ်နိုင်စေရန်အတွက် နည်းပညာပိုင်းနှင့်စီးပွားရေးပိုင်း သဘောတူညီမှု လက်အောက်တွင် ဆက်သွယ်ရေးလုပ်ငန်းကွန်ယက်အကြားချိတ်ဆက်ခြင်း

``ကော်မတီအဖွဲ့´´ ဆိုလိုသည်မှာ အသံလိုင်းစီမံခြင်းနှင့် ရေဒီယိုအသံလွှင့်လုပ်ငန်း၊ ရေဒီယိုရုပ်မြင်သံကြားနှင့်ဆက်သွယ်ရေးလုပ်ငန်းကြီးကြပ်ခြင်းအဖွဲ့အစည်း ဥပဒေအရဖြစ်သော နိုင်ငံတော်ဆက်သွယ်ရေးလုပ်ငန်းကော်မတီအဖွဲ့

``ဌာန´´ ဆိုလိုသည်မှာ နိုင်ငံတော်ဆက်သွယ်ရေးလုပ်ငန်းကော်မတီအဖွဲ့ဌာန

``အတွင်းဝန်´´ ဆိုလိုသည်မှာ နိုင်ငံတော်ဆက်သွယ်ရေးလုပ်ငန်းကော်မတီအဖွဲ့အတွင်းဝန်

``တာဝန်ရှိဝန်ထမ်း´´ ဆိုလိုသည်မှာ အစိုးရပြန်တမ်းတွင်ဖော်ပြထားသော ဤအက်ဥပဒေအရ တာဝန်ထမ်းဆောင်ရန် နိုင်ငံတော်ဆက်သွယ်ရေးလုပ်ငန်းကော်မတီအဖွဲ့မှ ခန့်အပ်သောသူ

ပုဒ်မ ၅ နိုင်ငံတော်သမ္မတအား ဤအက်ဥပဒေအတိုင်း ဆောင်ရွက်ရမည်။

ပုဒ်မ ၆ ဤအက်ဥပဒေအတိုင်း လုပ်ဆောင်နိုင်ရန်အတွက် ကော်မတီအဖွဲ့အား တာဝန်ရှိဝန်ထမ်းခန့်အပ်ခြင်းနှင့် အခြားလုပ်ငန်းသတ်မှတ်ခြင်းကြေညာချက်ထုတ်ပေးစေရန် အာဏာရှိသည်။

ထိုကြေညာချက်များသည် အစိုးရပြန်တမ်းထဲတွင်ကြေညာပြီးပါက တင်းကြပ်အသုံးပြုစေမည်။

## အပိုဒ် ၁

## ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်စေရန် ခွင့်ပြုခြင်း

ပုဒ်မ ၇ အသံလိုင်းစီမံခြင်းနှင့် ရေဒီယိုအသံလွှင့်လုပ်ငန်း၊ ရေဒီယိုရုပ်မြင်သံကြားနှင့်ဆက်သွယ်ရေးလုပ်ငန်းကြီးကြပ်ခြင်းအဖွဲ့အစည်း ဥပဒေအရ ကော်မတီအဖွဲ့မှကြေညာသတ်မှတ်ထားသော လက္ခဏာနှင့်အမျိုးအစားအတိုင်း ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ရန် ရည်ရွယ်ချက်ရှိသူသည် ကော်မတီအဖွဲ့၏ ခွင့်ပြုစာလက်ခံရရှိရမည်။

ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ခြင်းခွင့်ပြုစာကို အောက်ပါအတိုင်း ၃ ပုံစံခွဲထားသည်။

(၁) ခွင့်ပြုစာပုံစံ(၁)မှာ ကိုယ်ပိုင်ဆက်သွယ်ရေးကွန်ယက်မရှိသော နှင့်လွတ်လပ်စွာ ဂန်ဆောင်မှုပေးသော လက္ခဏာရှိသည့်လုပ်ငန်းဖြစ်သော ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်သူအတွက် ခွင့်ပြုစာဖြစ်သည်။ ဤတွင် အဆိုပါလက္ခဏာလုပ်ငန်းလုပ်ဆောင်ရန် ရည်ရွယ်ချက်ရှိသူသည် ကော်မတီအဖွဲ့အားသိစေရန်အကြောင်းကြားပြီးနောက် ကော်မတီအဖွဲ့မှ လုပ်ငန်းလုပ်ဆောင်ခြင်းခွင့်ပြုစာ ထုတ်ပေးပြီးမှဖြစ်သည်။

(၂) ခွင့်ပြုစာပုံစံ(၂)မှာ သီးခြားလူပုဂ္ဂိုလ်အုပ်စုကိုသာ ဂန်ဆောင်မှုပေးရန်ကန့်သတ်ထားသော ရည်ရွယ်ချက်ရှိသည့် လုပ်ငန်းလုပ်ဆောင်မှုဖြစ်ခြင်း (သို့) တရားမျှတမှုဖြင့်လွတ်လပ်စွာ ယှဉ်ပြိုင်မှုအပေါ် (သို့) အများပြည်သူနှင့်သုံးစွဲသူအပေါ် သိသိသာသာ ဆိုးကျိုးသက်ရောက်မှုမရှိသော လုပ်ငန်းလုပ်ဆောင်မှုဖြစ်ခြင်းဖြစ်သည့် ကိုယ်ပိုင်ဆက်သွယ်ရေးကွန်ယက်ရှိသော(သို့)မရှိသော ဆက်သွယ်ရေးလုပ်ငန်း လုပ်ဆောင်သူအတွက် ခွင့်ပြုစာဖြစ်သည်။ ဤတွင် အဆိုပါလက္ခဏာလုပ်ငန်းလုပ်ဆောင်ရန် ရည်ရွယ်ချက်ရှိသူသည် ကော်မတီအဖွဲ့မှ ကြိုတင်ကြေညာသတ်မှတ်ထားသော ညွှန်ကြားချက်စံချိန်အတိုင်း မှန်ကန်ပြည့်စုံစွာလုပ်ဆောင်ပြီးနောက် ကော်မတီအဖွဲ့မှ လုပ်ငန်းလုပ်ဆောင်ခြင်းခွင့်ပြုစာ ထုတ်ပေးပြီးမှဖြစ်သည်။

(၃) ခွင့်ပြုစာပုံစံ(၃)မှာ သာမန်လူအုပ်စုအများစုကို ဂန်ဆောင်မှုပေးရန် ရည်ရွယ်ချက်ရှိသည့် လုပ်ငန်းလုပ်ဆောင်မှုဖြစ်ခြင်း (သို့) တရားမျှတမှုဖြင့်လွတ်လပ်စွာ ယှဉ်ပြိုင်မှုအပေါ် (သို့) အများပြည်သူအပေါ် သိသိသာသာ ဆိုးကျိုးသက်ရောက်မှုရှိစေခြင်း (သို့) သုံးစွဲသူအပေါ်အထူးစောင့်ရှောက်မှုပေးရန် ကိစ္စရှိခြင်း လုပ်ငန်းလုပ်ဆောင်ခြင်းဖြစ်သည့် ကိုယ်ပိုင်ဆက်သွယ်ရေးကွန်ယက်ရှိသော ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်သူ အတွက် ခွင့်ပြုစာဖြစ်သည်။ ဤတွင် အဆိုပါလက္ခဏာလုပ်ငန်းလုပ်ဆောင်ရန် ရည်ရွယ်ချက်ရှိသူသည် ကော်မတီအဖွဲ့မှ ခွင့်ပြုစာထုတ်ပေးရန် ထင်မြင်ချက်ပေးပြီးမှသာ လုပ်ငန်းလုပ်ဆောင်နိုင်သည်။

ခွင့်ပြုစာပုံစံ(၁)၊ ပုံစံ(၂) (သို့) ပုံစံ(၃) ရရှိသူသည် မည်သည့်လက္ခဏာ(သို့)အမျိုးအစား ဆက်သွယ်ရေးလုပ်ငန်း လုပ်ဆောင်ခွင့်ရရှိခြင်းနှင့် မည်မျှအထိဂန်ဆောင်မှုကန့်သတ်နယ်ပယ်ရှိသည်ကို ကော်မတီအဖွဲ့မှ ကြေညာသတ်မှတ်ထားသည့်အတိုင်း ဖြစ်ရမည်ဖြစ်ပြီး အပိုဒ်(၂)အတိုင်းသတ်မှတ်ထားသော ပုံစံတစ်ခုချင်းစီခွင့်ပြုစာ၏ လုပ်ငန်းလုပ်ဆောင်ခြင်းလက္ခဏာနှင့်ဆက်နွယ်မှုရှိရပြီး လုပ်ငန်းရှင်အကြားတရားမျှတမှုရှိစေခြင်းအပါအဂင် များပြားသောဆက်သွယ်ရေးလုပ်ငန်းဂန်ဆောင်မှုပေးခြင်း ဖွံ့ဖြိုးရေးကို ထည့်သွင်းစဉ်းစားရမည်။

ခွင့်ပြုစာလျှောက်ထားရာတွင် ခွင့်ပြုစာလျှောက်ထားသူသည် မည်သည့်ပုံစံခွင့်ပြုစာတောင်းခံသည်ကို ဖော်ပြရပြီး လုပ်ဆောင်ရန်ရည်ရွယ်ချက်ရှိသော ဆက်သွယ်ရေးလုပ်ငန်းအမျိုးအစား(သို့)လက္ခဏာကို အကြောင်းကြားရမည်။ ခွင့်ပြုစာရရှိပြီးနောက်ပိုင်းမှ ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ခြင်း လက္ခဏာ(သို့)အမျိုးအစားကို ဖြည့်စွက်ရန် ရည်ရွယ်ချက်ရှိပါက လုပ်ငန်းမစတင်မီတွင် ကော်မတီအဖွဲ့အားသိရှိစေရန် အကြောင်းကြားရမည်။ အဆိုပါကိစ္စတွင် ကော်မတီအဖွဲ့မှ ခွင့်ပြုစာလျှောက်ထားသူအား လိုက်နာစေရန်ကန့်သတ်ချက် သတ်မှတ်နိုင်သည်။

ပုဒ်မ ၈ ခွင့်ပြုစာလျှောက်ထားသူ၏အရည်အချင်း၊ ခွင့်ပြုစာလျှောက်ထားပုံ၊ နှင့်ခွင့်ပြုစာထုတ်ပေးခြင်း ညွှန်ကြားချက်များကို လုပ်ငန်းလုပ်ဆောင်ရန်ရည်ရွယ်ချက်ရှိသူမှ သိရှိစေရန်အတွက် ကော်မတီအဖွဲ့အား ခွင့်ပြုချက်ပေးခြင်း ညွှန်ကြားချက်သတ်မှတ်မှုများကို အများပြည်သူသိရှိအောင် ကြေညာရမည်ဖြစ်ပြီး ပုဒ်မ ၇ အရ ခွင့်ပြုစာ၏အမျိုးအစားအတိုင်း ကွဲပြားမှုရှိအောင် သတ်မှတ်ရန်၊ ဆက်သွယ်ရေးလုပ်ငန်းလက္ခဏာနှင့်အမျိုးအစား တစ်ခုချင်းစီနှင့်ဆက်နွယ်မှုရှိစေရန်၊ အသံလိုင်းအသုံးပြုစေရန် ခွင့်ပြုချက်ပေးခြင်းနည်းလမ်းအတိုင်း ဖြစ်စေရန်၊ နှင့် အသံလိုင်းစီမံခြင်းနှင့် ရေဒီယိုအသံလွှင့်လုပ်ငန်း ရေဒီယိုရုပ်မြင်သံကြား နှင့် ဆက်သွယ်ရေးလုပ်ငန်းကြီးကြပ်ရေး အဖွဲ့အစည်းဥပဒေအရ ဆက်သွယ်ရေးလုပ်ငန်းမော်ဒယ်အစီအစဉ်နှင့် ရေဒီယိုအသံလိုင်းအစီအစဉ်တွင် သတ်မှတ်ထားသော ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်စေရန် ခွင့်ပြုခြင်း ရှိရမည်။

အပိုဒ်(၁)အရကြေညာချက်တွင် ကော်မတီအဖွဲ့အား ခွင့်ပြုစာလျှောက်ထားသူ၏အရည်အချင်း၊ ခွင့်ပြုစာလျှောက်ထားပုံ၊ ခွင့်ပြုစာလျှောက်ထားရာတွင် အသုံးပြုရသော လိုအပ်သည့် သက်သေစာရွက်စာတမ်း(သို့) အချက်အလက်များ၊ ခွင့်ပြုစာထုတ်ခြင်းသုံးသပ်မှုနည်းလမ်း၊ ကော်မတီအဖွဲ့၏ ခွင့်ပြုချက် သုံးသပ်ခြင်းအချိန်ကာလ၊ လုပ်ငန်းလုပ်ဆောင်မှု ခွင့်ပြုခြင်းနယ်ပယ်၊ လုပ်ငန်းလုပ်ဆောင်ရန်ခွင့်ပြုမည့် အများဆုံးနှင့် အနည်းဆုံးအချိန်ကာလ၊ နှင့်လုပ်ငန်းလုပ်ဆောင်ရန်အတွက် လိုအပ်သောအခြားသတ်မှတ်ချက်များနှင့် ပတ်သက်သော အသေးစိတ်များကို သတ်မှတ်ပေးရမည်။

ခွင့်ပြုစာလျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ရာတွင် အောက်ပါညွှန်ကြားချက်များအတိုင်း ဖြစ်ရမည်။

(၁) ခွင့်ပြုစာပုံစံ(၂)နှင့် ပုံစံ(၃) လျှောက်ထားသူသည် နိုင်ငံခြားသား၏စီးပွားရေးလုပ်ဆောင်ခြင်း ဥပဒေအရ နိုင်ငံခြားသားမဖြစ်ရပြီး ထိုစီးပွားရေးအဖွဲ့အစည်းတွင် ရင်းနှီးငွေအားလုံး၏ ၇၅%ထက်မနည်းသော ထိုင်းနိုင်ငံသား၏အစုရှယ်ယာ ကိုင်ဆောင်ခြင်း အချိုးအစားရှိသူဖြစ်ရန်နှင့် ကော်မတီအားလုံးအရေအတွက်၏ လေးပုံသုံးပုံထက်မနည်းသော ကော်မတီရှိရန်နှင့် ထိုစီးပွားရေးအဖွဲ့အစည်းတွင် လုပ်ဆောင်ရန်အာဏာရှိသူသည် ထိုင်းနိုင်ငံသားဖြစ်ရမည်။ ဤတွင် ကော်မတီအဖွဲ့သည် အဖွဲ့အစည်းဖြစ်သော လုပ်ငန်းလုပ်ဆောင်ခြင်းလက္ခဏာတစ်ချို့ (သို့)အမျိုးအစားတစ်ချို့အတွက် ခွင့်ပြုစာလျှောက်ထားသူအား ထိုင်းနိုင်ငံသားမဟုတ်သောပုဂ္ဂိုလ်မှ လုပ်ငန်းချုပ်ချယ်ခြင်းဖြစ်သော လက္ခဏာတစ်ခုခုပြုလုပ်ခြင်း မရှိစေရန်သတ်မှတ်ချက်များကို သတ်မှတ်စေနိုင်သည်။

(၂) ဒေဝါလီခံပုဂ္ဂိုလ်မဖြစ်ရန်

(၃) ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ခြင်း ခွင့်ပြုစာပယ်ဖျက်မှု မခံခဲ့ရသူဖြစ်ရန်

(၄) ခွင့်ပြုစာမလျှောက်ထားမီ အချိန်ကာလ ၂ နှစ်အတွင်းတွင် ခွင့်ပြုစာလျှောက်ထားသူ၏ ကော်မတီဖြစ်သောသူ၊ စီမံခန့်ခွဲသူ (သို့) လုပ်ဆောင်ခြင်းအာဏာရှိသူသည် ဤအက်ဥပဒေအရ (သို့) ကြေးနန်းနှင့်တယ်လီဖုန်းဥပဒေ၊ ရေဒီယိုဆက်သွယ်ရေးဥပဒေ (သို့) သုံးစွဲသူကြည့်ရှုစောင့်ရှောက်ခြင်းဥပဒေအရ တရားရုံးမှအမြင့်ဆုံးပြစ်မှု ပြစ်ဒဏ်ပေးခြင်းမခံခဲ့ရခြင်းသူ ဖြစ်ရမည်။

(၅) ခွင့်ပြုစာပုံစံ(၃) လျှောက်ထားသူသည် ရင်နှီးမြှုပ်နှံခြင်းအစီအစဉ် နှင့် အရည်အသွေးကောင်းမွန်သော ဂန်ဆောင်မှုပေးနိုင်သော ဆက်သွယ်ရေးလုပ်ငန်း ဂန်ဆောင်မှုပေးခြင်းအစီအစဉ် ရှိရမည်။

(၆) ပုဒ်မ ၇ အရ အမျိုးအစားတစ်ခုချင်းစီ၏ ခွင့်ပြုစာလျှောက်ထားရန်အတွက် ကော်မတီအဖွဲ့မှ သတ်မှတ်သော အရည်အချင်းရှိရန်နှင့် အခြားတားမြစ်လက္ခဏာများ မရှိရန်

ပုဒ်မ ၉ ခွင့်ပြုစာပုံစံ(၃)အတွက် ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ခြင်းသည် ခွင့်ပြုစာထဲတွင် သတ်မှတ်ထားသည့်အချိန်ကာလအတိုင်းရှိရန်နှင့် ကော်မတီအဖွဲ့မှ ကြေညာသတ်မှတ်ထားသော အများဆုံးနှင့် အနည်းဆုံးအချိန်ကာလအတွင်းတွင် ရှိရမည်။

ခွင့်ပြုစာပုံစံ(၃)အတွက် ခွင့်ပြုစာသက်တမ်းတိုးရာတွင် ခွင့်ပြုစာလျှောက်ထားသူအား ခွင့်ပြုစာသက်တမ်း မကုန်မီတွင် လျှောက်ထားရန် လျှောက်ထားပြီးပါက ခွင့်ပြုစာသက်တမ်းတိုးမှု ခွင့်မပြုဟု အကြောင်းမကြားမချင်း လျှောက်ထားသူအား ခွင့်ပြုစာလျှောက်ထားသူအခြေအနေတွင် ရှိနေသည်ဟု ယူဆရမည်။ သို့ရာတွင် ကော်မတီအဖွဲ့သည် လျှောက်ထားခြင်းလက်ခံရရှိပြီးသည့်နေ့မှ ရက် ၃၀ အတွင်းတွင် သုံးသပ်ချက်ပြုလုပ်ပြီး ခွင့်ပြုစာလျှောက်ထားသူကို အကြောင်းကြားရမည်။

ခွင့်ပြုစာသက်တမ်းတိုးခြင်း လျှောက်ထားခြင်းနှင့်ခွင့်ပြုစာသက်တမ်းတိုးစေခြင်းသည် ကော်မတီအဖွဲ့မှ ကြေညာသတ်မှတ်ထားသော ညွှန်ကြားချက်၊ နည်းလမ်း နှင့် ကန့်သတ်ချက်အတိုင်းဖြစ်စေရန်နှင့် ပုဒ်မ ၈ ညွှန်ကြားချက်နှင့် ဆက်နွယ်မှုရှိရမည်။

ခွင့်ပြုစာခွင့်ပြုခြင်းနှင့် သက်တမ်းတိုးခြင်း အချိန်ကာလသတ်မှတ်ခြင်းသည် ကော်မတီအဖွဲ့အားသတ်မှတ်စေပြီး ရင်းနှီးမှုအစီအစဉ်အတိုင်းအချိန်ကာလ၊ ဝန်ဆောင်မှုနယ်ပယ်၊ ခွင့်ပြုစာလျှောက်ထားသူ၏ လုပ်ငန်းပိုင်းဖွံ့ဖြိုးရေးနည်းလမ်း၊ ဆက်တိုက်ဝန်ဆောင်မှုရရှိသော သုံးစွဲသူစောင့်ရှောက်ရေး နှင့် လုပ်ငန်းလုပ်ဆောင်ခြင်း သုံးသပ်ချက်များကို ထည့်သွင်းတွက်ချက်ရမည်။

ခွင့်ပြုစာပုံစံ(၁) (သို့) ပုံစံ(၂) ရရှိသော ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ခြင်းသည် ဝန်ဆောင်မှုပေးနေခြင်း အချိန်ကာလတစ်လျှောက်လုံးတွင် ပြုလုပ်နိုင်ပြီး ခွင့်ပြုစာရရှိသူမှ လုပ်ငန်းပယ်ဖျက်ရန်ရည်ရွယ်ချက်ရှိပါက ကော်မတီအဖွဲ့အား ကြိုတင်၍ အနည်းဆုံး ၁ လ အကြောင်းကြားရမည်။ ဤတွင် ကော်မတီအဖွဲ့မှ အဆိုပါခွင့်ပြုစာ ရရှိသူအား လုပ်ငန်းမဖျက်သိမ်းမီလိုက်နာရန် ကန့်သတ်ချက်များကို သတ်မှတ်နိုင်သည်။

ပုဒ်မ ၁၀ ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ခြင်း ခွင့်ပြုစာလျှောက်ထားရာတွင် ထိုဆက်သွယ်ရေးလုပ်ငန်းသည် အသံလိုင်းအသုံးပြုခြင်းရှိပါက ခွင့်ပြုစာလျှောက်ထားသူသည် အသံလိုင်းစီမံခြင်းနှင့် ရေဒီယိုအသံလွှင့်လုပ်ငန်း၊ ရေဒီယိုရုပ်မြင်သံကြား နှင့်ဆက်သွယ်ရေးလုပ်ငန်းကြီးကြပ်ရေး အဖွဲ့အစည်းဥပဒေအရ အသံလိုင်းအသုံးပြုခြင်း ခွင့်ပြုချက်ရရှိရမည်။

ခွင့်ပြုစာရရှိသူမှ အသံလိုင်းအသုံးပြုရန် ပယ်ဖျက်ခြင်းခံရသော ကိစ္စတွင် အဆိုပါအသံလိုင်းအသုံးပြုသည့် လုပ်ငန်းလုပ်ဆောင်သော ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ခြင်းခွင့်ပြုစာ ပယ်ဖျက်ခြင်းခံရသည်ဟု ယူဆမည်။

ပုဒ်မ ၁၁ ခွင့်ပြုစာရရှိသူသည် အသံလိုင်းအသုံးပြုခြင်း ဝန်ဆောင်မှုကြေး၊ ဆက်သွယ်ရေးလုပ်ငန်းနံပါတ် ဝန်ဆောင်မှုကြေးနှင့် လုပ်ငန်းလုပ်ဆောင်ခွင့်ပြုခြင်း ဝန်ဆောင်မှုကြေးများကို ကော်မတီအဖွဲ့မှသတ်မှတ်ထားသော ပမာဏ၊ ညွှန်ကြားမှု နှင့်နည်းလမ်းအတိုင်း ပေးချေရမည်။ ဤတွင် အကြောင်းရင်းကိုက်ညီမှုမရှိဘဲ လုပ်ငန်းရှင်(သို့) သုံးစွဲသူများအား ဝန်ပိုမဖြစ်စေရ။

အသံလိုင်းအသုံးပြုခြင်းဝန်ဆောင်မှုကြေး နှင့် ဆက်သွယ်ရေးလုပ်ငန်းနံပါတ်ဝန်ဆောင်မှုကြေး ပမာဏနှင့် ညွှန်ကြားချက် သတ်မှတ်ခြင်းတွင် ကော်မတီအဖွဲ့အား အများပြည်သူအကျိုး၊ အဖိုးတန်မှု၊ ပျက်လပ်မှု နှင့် အဆိုပါအရင်းအမြစ် စီမံခြင်းနည်းလမ်းများကို ထည့်တွက်စဉ်းစားရမည်။

ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ခြင်း ခွင့်ပြုစာ ဝန်ဆောင်မှုကြေး၏ ပမာဏနှင့်ညွှန်ကြားချက် သတ်မှတ်ခြင်းများတွင် ကော်မတီအဖွဲ့အား ခွင့်ပြုစာပုံစံ၊ ဤ အက်ဥပဒေအရ လုပ်ငန်းလုပ်ဆောင်ခြင်းမှ ဖြစ်ပေါ်သော ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ခြင်း ကြီးကြပ်စောင့်ရှောက်ရေး အသုံးစရိတ်များကို ထည့်တွက်စဉ်းစားရမည်။

ပုဒ်မ ၁၂ ဆက်သွယ်ရေးလုပ်ငန်းနံပါတ်အစီအစဉ်တွင် သတ်မှတ်ထားသည့် ဆက်သွယ်ရေးလုပ်ငန်း နံပါတ်အသုံးပြုရသော ဆက်သွယ်ရေးလုပ်ငန်းအတွက် ခွင့်ပြုစာထုတ်ပေးရာတွင် ကော်မတီအဖွဲ့အား ခွင့်ပြုစာရရှိသူ၏ ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်မှုအတွက် ဝန်ဆောင်မှုပေးခြင်းတွင် အသုံးပြုရန် (သို့) ဝန်ဆောင်မှုပေးခြင်း နယ်ပယ် အတွက် ဆက်သွယ်ရေးလုပ်ငန်းနံပါတ်ကို သတ်မှတ်ပေးရမည်။

ခွင့်ပြုစာရရှိသူသည် အများပြည်သူအား ဆက်သွယ်ရေးလုပ်ငန်းနံပါတ် ဝန်ဆောင်မှုပေးရာတွင် ကော်မတီအဖွဲ့မှ ခွင့်ပြုချက်ရရှိပြီးသော ဆက်သွယ်ရေးလုပ်ငန်းနံပါတ်ကိုသာ အသုံးပြုနိုင်သည်။

ခွင့်ပြုစာရရှိသူသည် သင့်တင့်သောအကြောင်းရင်းမရှိဘဲ ခွင့်ပြုချက်ရရှိသော ဆက်သွယ်ရေးလုပ်ငန်းနံပါတ်ကို ယူဆောင်၍ဝန်ဆောင်မှုမပေးခြင်း (သို့) ခွင့်ပြုချက်မရရှိသော ဆက်သွယ်ရေးလုပ်ငန်းနံပါတ်ကို ယူဆောင်ဝန်ဆောင်မှုပေးခြင်းများ တွေ့ရှိရသောအခြေအနေတွင် ကော်မတီအဖွဲ့မှ ခွင့်ပြုစာရရှိသူအား ခွင့်ပြုမှုအတိုင်း လုပ်ဆောင်ရန်(သို့)ထိုဆက်သွယ်ရေးလုပ်ငန်းနံပါတ်အသုံးပြုမှုကို ရပ်ဆဲစေခြင်း အာဏာရှိပြီး ခွင့်ပြုစာရရှိသူမှ မည်သည့်လျော်ကြေးမှ တောင်းဆိုခွင့်မရှိပါ။

သုံးစွဲသူမှ ဝန်ဆောင်မှုပေးစွမ်းသူ၊ နေရာဒေသ (သို့) ဝန်ဆောင်မှုအမျိုးအစားအား ပြောင်းလဲလိုသော အခြေအနေတွင် ဝန်ဆောင်မှုသုံးစွဲသူ၏ အကျိုးအမြတ်ကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် နှင့်နည်းပညာပိုင်း အဆင်သင့်ရှိပြီး ဖြစ်သောအချိန်တွင် ကော်မတီအဖွဲ့အား သုံးစွဲသူမှ မူလဆက်သွယ်ရေးလုပ်ငန်းနံပါတ် အသုံးပြုနိုင်ခြင်း အခွင့်အရေးအတွက် နည်းလမ်းနှင့်ညွှန်ကြားချက်များကို သတ်မှတ်ပေးရမည်။ ဤတွင် ကော်မတီအဖွဲ့အား ပတ်သက်မှုရှိသောခွင့်ပြုစာရရှိသူ၏ ထင်မြင်ချက်များကို လက်ခံနားဆင်ရမည်။

ပုဒ်မ ၅၈ အပိုဒ် ၁ အရ ကော်မတီအဖွဲ့မှသတ်မှတ်ထားသော တိုင်းတာထိန်းချုပ်မှုအောက်တွင် ခွင့်ပြုစာရရှိသူအား သုံးစွဲသူနာမည်စာရင်းပြုလုပ်ရန် တောင်းဆိုသောပုဂ္ဂိုလ်အား ဆက်သွယ်ရေးလုပ်ငန်းနံပါတ်သုံးစွဲသူ အချက်အလက်ပေးရန် တာဝန်ရှိပြီး စာရင်းပြုစုသောအသုံးစရိတ်ကိုသာ တွက်ချက်ရမည်။

ပုဒ်မ ၁၃ ဆက်သွယ်ရေးလုပ်ငန်းနံပါတ်သတ်မှတ်မှု အကျိုးအတွက် ခွင့်ပြုစာရရှိသူအား အသံလိုင်းစီမံခြင်း နှင့် ရေဒီယိုအသံလွှင့်လုပ်ငန်း ရေဒီယိုရုပ်မြင်သံကြား နှင့်ဆက်သွယ်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့အစည်း ဥပဒေအရ ကော်မတီအဖွဲ့၏ ဆက်သွယ်ရေးလုပ်ငန်းနံပါတ် အစီအစဉ်ပြုလုပ်ခြင်း ဝန်ဆောင်မှုပေးရာတွင် အသုံးပြုစေပြီး အောက်ပါညွှန်ကြားချက်များ ပါဝင်ပေါင်းစပ်ရမည်။

(၁) ဝန်ဆောင်မှုပေးမှုနှင့် လုံလောက်မှုရှိသော ဆက်သွယ်ရေးလုပ်ငန်းနံပါတ်ရှိစေခြင်း

(၂) ဆက်သွယ်ရေးလုပ်ငန်းနံပါတ် အသုံးပြုခြင်းကို အကျိုးရှိစွာနှင့်တရားမျှတမှုရှိစွာ ဖြစ်စေခြင်း

(၃) ဆက်သွယ်ရေးလုပ်ငန်းနံပါတ်အစီအစဉ်သည် ဝန်ဆောင်မှုလက္ခဏာနှင့်အမျိုးအစားများ နှင့် ဆက်သွယ်ရေးလုပ်ငန်းတွင် အသုံးပြုသောကိရိယာများ ခွဲခြားခြင်းများကို လွယ်ကူစွာနှင့်ရှင်းလင်းစွာ ဖြစ်စေရန် ကူညီပေးရမည်။

(၄) လိုအပ်ချက်ရှိသောအခြေအနေမှသာ ဆက်သွယ်ရေးလုပ်ငန်းနံပါတ်အစီအစဉ်ကို ဖြည့်စွက်ပြုပြင်နိုင်သည်။

ကော်မတီအဖွဲ့မှ ဆက်သွယ်ရေးလုပ်ငန်းနံပါတ်အစီအစဉ်သတ်မှတ်ခြင်း (သို့) ဆက်သွယ်ရေးလုပ်ငန်းနံပါတ် အစီအစဉ်အားလုံး(သို့)တစ်စိတ်တစ်ပိုင်း ဖြည့်စွက်ပြုပြင်ခြင်းများရှိသော အခြေအနေတွင် ခွင့်ပြုစာရရှိသူအား ကော်မတီအဖွဲ့မှ သတ်မှတ်သောညွှန်ကြားချက်များအတိုင်း လိုက်နာရမည်။

ပုဒ်မ ၁၄ ခွင့်ပြုစာရရှိသူမှ ဂန်ဆောင်မှုတွင်အသုံးပြုရန် (သို့) ဂန်ဆောင်မှုနယ်ပယ်တိုးချဲ့ရန်အတွက် ဆက်သွယ်ရေးလုပ်ငန်းနံပါတ် ပမာဏတိုးချဲ့ခြင်းဖြင့် ဂန်ဆောင်မှုပေးခြင်းကို တိုးချဲ့ရန် ရည်ရွယ်ချက်ရှိသော အခြေအနေတွင် ကော်မတီအဖွဲ့ထံသို့ လျှောက်လွှာတင်ရမည်။

ဆက်သွယ်ရေးလုပ်ငန်းနံပါတ် ပမာဏတိုးချဲ့ခြင်း (သို့) ဂန်ဆောင်မှုနယ်ပယ်တိုးချဲ့ခြင်းသည် အများအတွက် အကျိုးပြုစေခြင်းနှင့် တရားမျှတသော ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ခြင်း ယှဉ်ပြိုင်မှု ကန့်သတ်သော လက္ခဏာ မရှိဟု ကော်မတီအဖွဲ့မှ ထင်မြင်သောအခြေအနေတွင် ကော်မတီအဖွဲ့မှ ကော်မတီအဖွဲ့သတ်မှတ်ထားသော ညွှန်ကြားချက်နှင့်သတ်မှတ်ချက်များအတိုင်း ခွင့်ပြုစာရရှိသူမှ လုပ်ဆောင်နိုင်ရန် ခွင့်ပြုချက်ပေးနိုင်သည်။ ဤတွင် ကော်မတီအဖွဲ့မှ လျှောက်လွှာစတင်လက်ခံသည့်နေ့မှစ၍ ရက် ၃၀ အတွင်းတွင် ခွင့်ပြုစာရရှိသူအား သုံးသပ်ချက်များကို အကြောင်းကြားပေးရန်နှင့် ခွင့်ပြုမှုတွင် ကော်မတီအဖွဲ့မှ ဖြည့်စွက်ခွင့်ပြုသော ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ခြင်း ဂန်ဆောင်မှုကြေးကို ကော်မတီအဖွဲ့မှ သတ်မှတ်ထားသည့် ညွှန်ကြားချက်များအတိုင်း ကောက်ခံနိုင်သည်။

ပုဒ်မ ၁၅ ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ရာတွင် ခွင့်ပြုစာရရှိသူသည် အသံလိုင်းစီမံခြင်း နှင့် ရေဒီယိုအသံလွှင့်လုပ်ငန်း ရေဒီယိုရုပ်မြင်သံကြား နှင့်ဆက်သွယ်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့အစည်း ဥပဒေအရ သတ်မှတ်ထားသော ညွှန်ကြားချက်များနှင့် ကော်မတီအဖွဲ့မှ သတ်မှတ်သည့်သတ်မှတ်ချက်များအတိုင်း လိုက်နာရမည်။

ခွင့်ပြုခြင်းကန့်သတ်ချက်များသတ်မှတ်ခြင်းတွင် ကော်မတီအဖွဲ့အား ခွင့်ပြုစာရရှိသူ၏ အခွင့်အရေး၊ တာဂန်နှင့် ဂတ္တရားများကို ရှင်းလင်းစွာသတ်မှတ်ထားရန်၊ ခွင့်ပြုစာရရှိသူ၏ ဆက်သွယ်ရေးလုပ်ငန်းဂန်ဆောင်မှုပေးခြင်း အစီအစဉ်များကို သတ်မှတ်ပေးထားရန်နှင့် အနည်းဆုံးအနေဖြင့် ဂန်ဆောင်မှုစတင်ပေးဆောင်ခြင်း လုပ်ငန်းစဉ်များ၊ ဂန်ဆောင်မှုလက္ခဏာ(သို့)အမျိုးအစားအသေးစိတ်များ၊ ဂန်ဆောင်မှုခ၊ ဆက်သွယ်ရေးလုပ်ငန်းနံပါတ်သုံးစွဲသူ အချက်အလက်အကြောင်းကြားခြင်း ဂန်ဆောင်မှု နှင့် အများအကျိုးပြုဖြစ်သော ဂန်ဆောင်မှုပေးရာတွင် အခြားလိုအပ်ချက်များကို သတ်မှတ်ပေးရမည်။

အများအကျိုးစောင့်ရှောက်ရန် (သို့) ဥပဒေ(သို့)အပြုအမူများကို ပြောင်းလဲရန်ရှိသော အရေးကြီးအခြေအနေတွင် ကော်မတီအဖွဲ့အား ခွင့်ပြုချက်ပေးခြင်းသတ်မှတ်ချက်များကို လိုအပ်ချက်အလျောက်ဖြည့်စွက်ပြုပြင်ရန် အာဏာရှိသည်။

ပုဒ်မ ၁၆ ခွင့်ပြုစာရရှိသူမှ ဆက်သွယ်ရေးလုပ်ငန်းနံပါတ်(သို့)သတ်မှတ်နယ်ပယ်အတိုင်း လုပ်ငန်းလုပ်ဆောင်ရန် ခွင့်ပြုချက်ရရှိပြီးသော အခြေအနေတွင် ခွင့်ပြုစာရရှိသူသည် သင့်တင့်သောအကြောင်းရင်း မရှိညဲ ပုဒ်မ ၁၅ အရခွင့်ပြုမှုသတ်မှတ်ချက်များအဖြစ်သတ်မှတ်ထားသော ဆက်သွယ်ရေးလုပ်ငန်းဂန်ဆောင်မှုပေးခြင်း အစီအစဉ်အတိုင်း ဂန်ဆောင်မှုပေးခြင်းမရှိဟု ကော်မတီအဖွဲ့မှတွေ့ရှိသောအချိန်နှင့် အများအကျိုးပြုမှုကို ဆိုးကျိုးသက်ရောက်မှုရှိစေသည်ဟု ကော်မတီအဖွဲ့မှ ထင်မြင်သောအချိန်တွင် ကော်မတီအဖွဲ့အား သတ်မှတ်ထားသည့် ပမာဏ အတိုင်း ဆက်သွယ်ရေးလုပ်ငန်းနံပါတ်များကို ပြန်လည်ရုပ်သိမ်းခြင်း (သို့) ခွင့်ပြုထားပြီးသော ဂန်ဆောင်မှုပေးခြင်းနယ်ပယ်မှ ထွက်ခွာခြင်း အာဏာရှိပြီး ခွင့်ပြုစာရရှိသူမှ မည်သည့်လျော်ကြေးမှ တောင်းဆိုနိုင်မည် မဟုတ်ပါ။

ပုဒ်မ ၁၇ ကော်မတီအဖွဲ့အား ကျယ်ပြန့်သော အခြေခံဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှုရှိစေရန် ပြုလုပ်မှုတာဝန်ရှိစေပြီး ခွင့်ပြုစာရရှိသူအား အောက်ပါဆက်သွယ်ရေးဝန်ဆောင်မှုများ ရှိစေရန် သတ်မှတ်ခြင်း အာဏာရှိသည်။

(၁) ကျေးလက်ဒေသ (သို့) ရင်းနီးငွေအတွက် အကျိုးအမြတ်နိမ့်သောနေရာဒေသ (သို့) ဝန်ဆောင်မှုပေးသူ မရှိသေးသော(သို့)ရှိသော်လည်း မဖုံးလွှမ်းသော(သို့)ထိုဒေသအတွင်း သုံးစွဲသူများ လိုအပ်ချက်နှင့်မလုံလောက်သော ဒေသတစ်ခုခုတို့တွင် ဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှုရှိစေရန် ပြုလုပ်ရမည်။

(၂) ပညာရေးဌာန၊ သာသနာရေးဌာန၊ ဆေးရုံ နှင့် လူမှုရေးကို အကူအညီပေးစွမ်းသော အခြားဌာနများတွင် ဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှုရှိစေရန် ပြုလုပ်ရမည်။

(၃) ဝင်ငွေနည်းပါးသောသူအတွက် ကော်မတီအဖွဲ့မှသတ်မှတ်ထားသည့်အတိုင်း လက္ခဏာတစ်ချို့(သို့) အမျိုးအစားတစ်ချို့ရှိသော အများသုံးဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှုရှိစေရန် ပြုလုပ်ရမည်။

(၄) မသန်စွမ်းသူ၊ ကလေး၊ လူအို နှင့် ချို့တဲ့သူများအတွက် အများသုံးဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှု အသုံးပြုခြင်းတွင် လွယ်ကူမှုရှိစေသော ဝန်ဆောင်မှုပေးခြင်း ရှိစေရန် ပြုလုပ်ရမည်။

အပိုဒ် ၁ အရ ဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှုပေးခြင်း ပြုလုပ်ရန် ခွင့်ပြုစာရရှိသူအား သတ်မှတ်ထားသော ညွှန်ကြားချက်၊ နည်းလမ်း နှင့် သတ်မှတ်ချက်များသည် ကော်မတီအဖွဲ့၏ ကြေညာသတ်မှတ်ချက်များအတိုင်း ဖြစ်ရမည်။

ခွင့်ပြုစာလျှောက်ထားရန် ရည်ရွယ်ချက်ရှိသောသူမှ ခွင့်ပြုစာမလျှောက်ထားမီတွင် အပိုဒ် ၁ အရ ဆက်သွယ်ရေး လုပ်ငန်းဝန်ဆောင်မှုရှိစေရန် ပြုလုပ်ခြင်းနယ်ပယ်များကို သိရှိစေရန်အတွက် ကော်မတီအဖွဲ့အား အပိုဒ် ၂ အရ ကြေညာချက်များရှိစေရန် ကြိုတင်ပြင်ဆင်ထားရမည်။

ဤဥပဒေအရ ခွင့်ပြုစာရရှိသူအား ဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှုပေးခြင်း ပြုလုပ်ရာတွင် ခွင့်ပြုစာရရှိသူ၏ ရင်းနှီးမြှုပ်နှံခြင်းနှင့်ဝန်ပိုမဖြစ်စေရန်နှင့် လက္ခဏာနှင့်အမျိုးအစားတူ ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ခွင့် ခွင့်ပြုစာရရှိသူအကြားတွင် တန်းတူညီမျှရှိစွာ ဆောင်ရွက်ရမည်။

ပုဒ်မ ၁၈ ခွင့်ပြုစာရရှိသူတစ်ဦးဦးသည် ပုဒ်မ ၁၇ အရ ကော်မတီအဖွဲ့မှသတ်မှတ်ထားသော ဆက်သွယ်ရေးလုပ်ငန်း ဝန်ဆောင်မှုပေးရန် မပြုလုပ်နိုင်သော အခြေအနေ (သို့) ကျယ်ပြန့်သောအခြေခံ ဆက်သွယ်ရေးလုပ်ငန်း ဝန်ဆောင်မှု ပြုလုပ်ရာတွင် ခွင့်ပြုစာရရှိသူအား ပူးပေါင်းတာဝန်ဆောင်ရွက်ရမည်ဟု ထင်မြင်သောအခြေအနေတွင် ကော်မတီအဖွဲ့အား ပုဒ်မ ၁၇ အရ ဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှုရှိစေရန် ပြုလုပ်ခြင်း ဆောင်ရွက်ရန်အတွက် အသံလိုင်းစီမံခြင်း နှင့် ရေဒီယိုအသံလွှင့်လုပ်ငန်း ရေဒီယိုရုပ်မြင်သံကြား နှင့်ဆက်သွယ်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့အစည်း ဥပဒေအတိုင်း အများပြည်သူအကျိုးအတွက် ခွင့်ပြုစာရရှိသူအား ဆက်သွယ်ရေးလုပ်ငန်း ဝန်ဆောင်မှုမှရရှိသော ဝင်ငွေမှ ဆက်သွယ်ရေးလုပ်ငန်းဖွံ့ဖြိုးမှုရန်ပုံငွေသို့ထည့်ရန် သတ်မှတ်မှု အာဏာရှိသည်။

ပုဒ်မ ၁၉ ခွင့်ပြုစာအသစ်ရရှိသူအား နယ်ပယ်တစ်ခုခု၌ဆက်သွယ်ရေးလုပ်ငန်း ဝန်ဆောင်မှုပေးခြင်းတွင် အခြားခွင့်ပြုစာရရှိသူနှင့် အရည်အသွေးပြည့် တန်းတူညီမျှနှင့် တရားမျှတစွာ ယှဉ်ပြိုင်မှုအခွင့်အရေးရှိရေး ထောက်ပံ့ပေးရန်အတွက် ကော်မတီအဖွဲ့အား သတ်မှတ်ချက်များတစ်ခုခု သတ်မှတ်ရန်အာဏာရှိစေသည်။

ပုဒ်မ ၂၀ ခွင့်ပြုစာရရှိသူသည် ကော်မတီအဖွဲ့မှသတ်မှတ်ထားသော နည်းလမ်းနှင့်ညွှန်ကြားချက်အတိုင်း ကော်မတီအဖွဲ့မှ ခွင့်ပြုချက်ရရှိခြင်းမှလွဲ၍ ဂန်ဆောင်မှုပေးခြင်း အားလုံး(သို့)တစ်စိတ်တစ်ပိုင်း ရပ်နားခြင်း(သို့) ရပ်တန့်ခြင်း မပြုလုပ်ရ။

ခွင့်ပြုစာရရှိသူသည် ဆီလျော်သောအကြောင်းပြချက်မရှိဘဲ ပုဂ္ဂိုလ်တစ်ဦးဦးအား ဂန်ဆောင်မှုပေးခြင်း ငြင်းပယ်၍ မရပါ။

ပုဒ်မ ၂၁ ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ခြင်းသည် ကုန်သွယ်ရေးပိုင်းယှဉ်ပြိုင်မှု ဥပဒေ၏ ထိန်းချုပ်မှုတွင် ရှိရမည့်အပြင် ကော်မတီအဖွဲ့အား ခွင့်ပြုစာရရှိသူမှ အောက်ပါကိစ္စများအတွက် ဆက်သွယ်ရေးလုပ်ငန်းဂန်ဆောင်မှုပေးရာတွင် ချုပ်ချယ်ခြင်း (သို့) ယှဉ်ပြိုင်မှုလျှော့ချခြင်း(သို့) ကန့်သတ်ခြင်းများဖြစ်သော တစ်စုံတစ်ရာပြုလုပ်ခြင်းများ မရှိစေရန် ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ခြင်း အထူးလက္ခဏာအတွက် သတ်မှတ်ချက်များသတ်မှတ်ရမည်။

(၁) ဂန်ဆောင်မှုကို အားပေးခြင်း

(၂) အမျိုးအစားတူဂန်ဆောင်မှုရှိသော စီးပွားရေးပိုင်ဆိုင်ထားခြင်း

(၃) ဈေးကွက်ပိုင်းတရားမျှတမှုမရှိသော အာဏာအသုံးပြုခြင်း

(၄) ယှဉ်ပြိုင်မှုကို နှောင့်ယှက်သောအပြုအမူ

(၅) အသေးစားလုပ်ငန်းရှင်ကို စောင့်ရှောက်ခြင်း

ပုဒ်မ ၂၂ ခွင့်ပြုစာရရှိသူသည် အောက်ပါကိစ္စများရှိသောအခြေအနေတွင် နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အတွင်းဂန်အား အကြောင်းကြားပေးရမည်။

(၁) ခွင့်ပြုစာရရှိသူသည် ပြင်းထန်သောဆုံးရှုံးမှု ရရှိခြင်းကြောင့် ဆက်သွယ်ရေးလုပ်ငန်း ဂန်ဆောင်မှုပေးရာတွင် ပြဿနာရှိစေနိုင်ခြင်း

(၂) ခွင့်ပြုစာရရှိသူသည် ခွင့်ပြုမှုရရှိသောလုပ်ငန်းအပြင် အခြားဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ခြင်း

(၃) ခွင့်ပြုစာရရှိသူသည် မိမိ၏လုပ်ငန်းအုပ်ချုပ်ခြင်းအားလုံး(သို့)တစ်စိတ်တစ်ပိုင်းကို အခြားသူမှ အာဏာရှိစေရန် စာချုပ်ပြုလုပ်ခြင်း

(၄) ခွင့်ပြုစာရရှိသူသည် စတော့က်နှင့်စတော့က်ဈေးကွက် ဥပဒေအရ လုပ်ငန်းချုပ်ချယ်ခြင်း(သို့) ချုပ်ချယ်ခံရခြင်းဖြစ်သော လက္ခဏာဖြစ်သည့် ပြုလုပ်မှု(သို့)ပြုလုပ်ခံရခြင်း

(၅) ကော်မတီအဖွဲ့မှ ကြေညာသတ်မှတ်ထားသည့်အတိုင်း ခွင့်ပြုစာရရှိသူ၏ လုပ်ငန်းလုပ်ဆောင်ခြင်း(သို့) ဂန်ဆောင်မှုပေးခြင်းကို ဆိုးကျိုးသက်ရောက်မှု ရှိခြင်း(သို့)ရှိစေနိုင်သော ကိစ္စတစ်ခုခု

အချက်(၂) နှင့် (၃) အတိုင်းတင်ပြခြင်းသည် ခွင့်ပြုစာရရှိသူသည် မလုပ်ဆောင်မီပြုလုပ်ရမည်ဖြစ်ပြီး အချက်(၁) (၄) နှင့် (၅)ကိစ္စများအတွက် အဆိုပါဖြစ်ရပ်များဖြစ်ပေါ်သည့်အချိန်တွင် ချက်ချင်းတင်ပြရမည်။

အတွင်းဂန်သည် အပိုဒ်(၂)အတိုင်း တင်ပြချက်ရရှိပြီးသောအချိန်တွင် ကော်မတီအဖွဲ့သို့ လျင်မြန်စွာ တင်ပြပေးရမည်။ ဤတွင် ကော်မတီအဖွဲ့အား အများအကျိုးကျေးဇူးအပေါ် ဆုံးရှုံးမှုကာကွယ်ရန်အတွက် ခွင့်ပြုစာရရှိသူအား တစ်စုံတစ်ရာလုပ်ဆောင်ရမည့် ကန့်သတ်ချက်သတ်မှတ်ရန် အာဏာရှိသည်။

ပုဒ်မ ၂၃ ကော်မတီအဖွဲ့သည် ဂန်ဆောင်မှုသုံးစွဲသူမှ စစ်ဆေးနိုင်ရန်အတွက် ခွင့်ပြုစာရရှိသူအား သုံးစွဲသူ၏ဆက်သွယ်ရေးလုပ်ငန်းဂန်ဆောင်မှုအသုံးပြုခြင်း သက်သေနှင့်ပတ်သက်သော မှတ်တမ်းအချက်အလက် စနစ်ရှိစေရန်ပြုလုပ်ခြင်း သတ်မှတ်နိုင်သည်။

ပုဒ်မ ၂၄ ထိုဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ခြင်းနှင့် ဆက်စပ်မှုရှိအောင် ဤအုပ်စုရှိ အက်ဥပဒေများကိုယူဆောင်၍ တင်းကြပ်အသုံးမပြုနိုင်သော အထူးနည်းပညာပိုင်းရှိသော ဆက်သွယ်ရေးလုပ်ငန်း လက္ခဏာတစ်ချို့(သို့)အမျိုးအစားတစ်ချို့ လုပ်ဆောင်သောအခြေအနေတွင် ကော်မတီအဖွဲ့အား ထိုဆက်သွယ်ရေးလုပ်ငန်း၏ လက္ခဏာနှင့်အမျိုးအစားအတိုင်း ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ခြင်းအတွက် ကန့်သတ်ချက်များသတ်မှတ်ပေးရန် အာဏာရှိသည်။

အပိုဒ်(၁)အရ ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်မှု ကန့်သတ်ချက်သတ်မှတ်ခြင်းသည် ကော်မတီအဖွဲ့မှ ကြေညာသတ်မှတ်ထားသည့်အတိုင်း ဖြစ်ရမည်။

## အုပ်စု ၂

## ဆက်သွယ်ရေးလုပ်ငန်းကွန်ယက် အသုံးပြုခြင်းနှင့်ချိတ်ဆက်ခြင်း

ပုဒ်မ ၂၅ ဆက်သွယ်ရေးလုပ်ငန်းကွန်ယက်ရှိသော ခွင့်ပြုစာရရှိသူသည် ကော်မတီအဖွဲ့မှ သတ်မှတ်ထားသော ညွှန်ကြားချက်နှင့်နည်းလမ်းအတိုင်း အခြားခွင့်ပြုချက်ရရှိသူအား မိမိ၏ဆက်သွယ်ရေးလုပ်ငန်း ကွန်ယက်နှင့် အခြားခွင့်ပြုစာရရှိသူ၏ ဆက်သွယ်ရေးလုပ်ငန်းကွန်ယက်တို့ ချိတ်ဆက်နိုင်ရန်တာဝန်ရှိသည်။

ဆက်သွယ်ရေးလုပ်ငန်းကွန်ယက်ရှိသော ခွင့်ပြုစာရရှိသူသည် ကော်မတီအဖွဲ့မှသတ်မှတ်ထားသည့် ညွှန်ကြားချက်နှင့်နည်းလမ်းအတိုင်း အခြားခွင့်ပြုစာရရှိသူအား မိမိဆက်သွယ်ရေးလုပ်ငန်းကွန်ယက်အသုံးပြုစေခြင်း ခွင့်ပြုရမည်။

ဆက်သွယ်ရေးလုပ်ငန်းကွန်ယက်အသုံးမပြုစေခြင်း ငြင်းပယ်မှုကို အောက်ပါကိစ္စများအတွက်သာ ပြုလုပ်နိုင်သည်။

(၁) ရှိနေသောဆက်သွယ်ရေးလုပ်ငန်းကွန်ယက်သည် အခြားခွင့်ပြုစာရရှိသူအား ဆက်သွယ်ရေးလုပ်ငန်း ကွန်ယက် အသုံးပြုစေရန် လုံလောက်မှုမရှိခြင်း

(၂) ဆက်သွယ်ရေးလုပ်ငန်းကွန်ယက်အသုံးပြုခြင်းသည် ဆက်သွယ်ရေးလုပ်ငန်းကို အနှောင့်အယှက်ဖြစ်ပေါ်စေခြင်း (သို့) ဆက်သွယ်ရေးလုပ်ငန်းကို နှောင့်ယှက်သောကိစ္စ ဖြစ်စေသော နည်းပညာပိုင်းပြဿနာရှိခြင်း

(၃) ကော်မတီအဖွဲ့မှ ကြေညာသတ်မှတ်ထားသော အခြားကိစ္စများ

အပိုဒ်(၃)အရ ဆက်သွယ်ရေးလုပ်ငန်းကွန်ယက် အသုံးမပြုစေခြင်းငြင်းပယ်သော ဆက်သွယ်ရေးလုပ်ငန်း ကွန်ယက်ရှိသော ခွင့်ပြုစာရရှိသူသည် ထိုငြင်းပယ်ခြင်းအကြောင်းရင်းကို သက်သေပြရန်တာဝန်ရှိသည်။

ကွန်ယက်အသုံးပြုခြင်း(သို့)ချိတ်ဆက်ခြင်းအတွက် အခကြေးငွေကောက်ခံခြင်းသည် ဆက်သွယ်ရေးလုပ်ငန်း ကွန်ယက်ရှိသော ခွင့်ပြုစာရရှိသူနှင့် အသုံးပြုရန်(သို့)ချိတ်ဆက်ရန်တောင်းဆိုသူအပေါ်တွင် အကြောင်းရင်းဆီလျော်စွာ နှင့်တရားမျှတမှု ရှိရမည်ဖြစ်ပြီး ဆက်သွယ်ရေးလုပ်ငန်းကွန်ယက် အသုံးပြုရန်(သို့)ချိတ်ဆက်ရန် တောင်းဆိုသူယောက်တိုင်းအကြားတွင် တန်းတူညီတူမှုရှိရမည်။

အပိုဒ်(၁) နှင့် အပိုဒ်(၂)အရ ညွှန်ကြားချက်နှင့်နည်းလမ်းသတ်မှတ်ခြင်းတွင် ပတ်သက်မှုရှိသောခွင့်ပြုစာရရှိသူ၏ ထင်မြင်ချက်များကို လက်ခံနားထောင်ရန် ကော်မတီအဖွဲ့မှစီစဉ်ပေးရမည်။

ပုဒ်မ ၂၆ ဆက်သွယ်ရေးလုပ်ငန်းကွန်ယက် အသုံးမပြုစေခြင်း ငြင်းပယ်မှုရှိခြင်း (သို့) ဆက်သွယ်ရေးလုပ်ငန်းကွန်ယက် အသုံးပြုခြင်း(သို့)ချိတ်ဆက်ခြင်း စာချုပ်ပြုလုပ်ရာတွင် သဘောတူညီချက်ချ၍ မရသောအချက်များရှိသော ကိစ္စများတွင် တစ်ဖက်သူသည် ကော်မတီအဖွဲ့အား ကော်မတီအဖွဲ့ကြေညာ သတ်မှတ်ထားသော ညွှန်ကြားချက်နှင့်နည်းလမ်းများအတိုင်း အပြတ်သတ်သုံးသပ်ပေးနိုင်ရန် တောင်းဆိုခွင့်ရှိပြီး ကော်မတီအဖွဲ့၏ သုံးသပ်ချက်သည် အဆုံးစွန်ဖြစ်သည်။

အပိုဒ်(၁)အရ ကော်မတီအဖွဲ့၏ သုံးသပ်ခြင်းအကြားတွင် လိုအပ်သောကိစ္စရှိသောအချိန်တွင် ကော်မတီအဖွဲ့မှ ကော်မတီအဖွဲ့မှသတ်မှတ်ထားသော ညွှန်ကြားချက်နှင့်နည်းလမ်းအတိုင်း ဆက်သွယ်ရေးလုပ်ငန်းကွန်ယက် ယာယီအသုံးပြုစေခြင်း(သို့)ချိတ်ဆက်စေခြင်း ခိုင်းစေခွင့်ရှိသည်။

ပုဒ်မ ၂၇ ဆက်သွယ်ရေးလုပ်ငန်းကွန်ယက် အသုံးပြုခြင်း(သို့)ချိတ်ဆက်ခြင်းနှင့်ပတ်သက်သော သဘောတူညီမှုတွင် အောက်ပါလက္ခဏာရှိသော သတ်မှတ်ချက်ရှိရမည်။

(၁) သုံးစွဲသူအား အကျိုးဆုံးရှုံးမှု မဖြစ်ပေါ်စေရ။

(၂) ဘက်လိုက်မှုမရှိခြင်း၊ ခွဲခြားခြင်း (သို့) အခြားခွင့်ပြုစာရရှိသူအားနှောင့်ယှက်ခြင်း မပြုရ။

(၃) ဆက်သွယ်ရေးလုပ်ငန်းကွန်ယက် အသုံးပြုခြင်း(သို့)ချိတ်ဆက်မှုရှိသော နေရာတွင် နည်းလမ်းပိုင်းသတ်မှတ်ချက်သည် ရှင်းလင်းမှုရှိပြီး နည်းလမ်းပိုင်းဖြစ်နိုင်ချေရှိရန်နှင့် ဆက်သွယ်ရေးလုပ်ငန်းကွန်ယက် အသုံးပြုရန်(သို့)ချိတ်ဆက်ရန်တောင်းဆိုသူအား ပိုလိုသောဝန်ပိုမှု မဖြစ်စေရ။

(၄) ဆက်သွယ်ရေးလုပ်ငန်းကွန်ယက် အသုံးပြုရန်(သို့)ချိတ်ဆက်ရန်တောင်းဆိုသူနှင့် ဆက်သွယ်ရေးလုပ်ငန်းကွန်ယက် အသုံးပြုရန်(သို့)ချိတ်ဆက်ရန်ပေးစွမ်းသူတို့၏ တာဝန်နှင့်ဝတ္တရားများကို ရှင်းလင်းစွာ သတ်မှတ်ထားခြင်းရှိရမည်။

(၅) ဆက်သွယ်ရေးလုပ်ငန်းကွန်ယက် အသုံးပြုခြင်း(သို့)ချိတ်ဆက်ခြင်း အကျိုးအမြတ်အခကြေးငွေ သတ်မှတ်ခြင်းသည် ပုဒ်မ ၂၅ အပိုဒ် ၅ ရှိ ညွှန်ကြားချက်အတိုင်းဖြစ်ရမည်။

(၆) ကော်မတီအဖွဲ့မှ ကြေညာသတ်မှတ်ထားသော အခြားလက္ခဏာများ

ဆက်သွယ်ရေးလုပ်ငန်းကွန်ယက်ပိုင်ရှင်ဖြစ်သော ခွင့်ပြုစာရရှိသူအား စာချုပ်တွင်လက်မှတ်ရေးထိုးပြီးသောနေ့ နောက်ပိုင်း ရက် ၃၀ အတွင်းတွင် ကော်မတီအဖွဲ့သို့စာချုပ်မိတ္တူကို ပေးပို့ရမည်။ အကယ်၍ ကော်မတီအဖွဲ့မှ အဆိုပါစာချုပ်၏သတ်မှတ်ချက်များသည် အပိုဒ်(၁)ရှိလက္ခဏာအတိုင်း မဖြစ်ကြောင်း တွေ့ရှိသောအခါတွင် သတ်မှတ်ချိန်အတွင်းတွင် ပြုပြင်ပြောင်းလဲမှုပြုလုပ်ရန် ကော်မတီအဖွဲ့မှ ခိုင်းစေရန်အာဏာရှိသည်။ အကယ်၍ ဆက်သွယ်ရေးလုပ်ငန်းကွန်ယက် ပိုင်ရှင်ဖြစ်သော ခွင့်ပြုစာရရှိသူသည် ကော်မတီအဖွဲ့မှ သတ်မှတ်ထားသည့်အတိုင်း စာချုပ်ကိုပြုပြင်ပြောင်းလဲမှုပြုလုပ်ခြင်း သဘောမတူညီပါက ပုဒ်မ ၆၅ ရှိအကြောင်းအရာကို ယူဆောင်၍ ချွင်းချက်မရှိ တင်းကြပ်အသုံးပြုနိုင်သည်။ သို့သော်အကယ်၍ ဆက်သွယ်ရေးလုပ်ငန်းကွန်ယက် အသုံးပြုရန်(သို့)ချိတ်ဆက်ရန် တောင်းဆိုသူမှ ထိုစာချုပ်ကို ပြုပြင်ပြောင်းလဲရန် သဘောမတူညီပါက အဆိုပါစာချုပ်သည် အလိုအလျောက်ပယ်ဖျက်သည်ဟု ယူဆသည်။

ပုဒ်မ ၂၈ ခွင့်ပြုစာရရှိသူသည် ဆက်သွယ်ရေးလုပ်ငန်းကွန်ယက် အသုံးပြုခြင်း(သို့)ချိတ်ဆက်ခြင်း မှန်ကန်သောအချက်အလက်နှင့်လိုအပ်ချက်များကို ဆက်သွယ်ရေးလုပ်ငန်းကွန်ယက် အသုံးပြုရန်(သို့)ချိတ်ဆက်ရန် တောင်းဆိုသူဖြစ်သော အခြားခွင့်ပြုစာလျှောက်ထားသူများသိရှိစေရန် အကြောင်းကြားရန်နှင့် အခြားခွင့်ပြုစာလျှောက်ထားသူ၏ ဆက်သွယ်ရေးလုပ်ငန်း ကွန်ယက်အသုံးပြုခြင်း(သို့)ချိတ်ဆက်ခြင်းများ ပုံမှန်အသုံးမပြုနိုင်ခြင်းဖြစ်စေသော အပြုအမူများမပြုလုပ်ရ။

ဆက်သွယ်ရေးလုပ်ငန်းကွန်ယက် အသုံးပြုခြင်း(သို့)ချိတ်ဆက်ခြင်းအပေါ် ဆိုးကျိုးသက်ရောက်မှုဖြစ်စေသော ဆက်သွယ်ရေးလုပ်ငန်းကွန်ယက် ပြုပြင်ပြောင်းလဲမှုရှိသောအချိန်တွင် ဆက်သွယ်ရေးလုပ်ငန်းကွန်ယက်ရှိသော ခွင့်ပြုစာရရှိသူသည် အဆိုပါပြုပြင်ပြောင်းလဲခြင်းကို သိရှိအောင် ကြိုတင်ကြေညာထားရန်နှင့် ၆ လထက်မနည်း ကြိုတင်ကြေညာထားရမည်။

ပုဒ်မ ၂၉ ဆက်သွယ်ရေးလုပ်ငန်းကွန်ယက်ပိုင်ရှင်ဖြစ်သော ခွင့်ပြုစာရရှိသူသည် ဆက်သွယ်ရေးလုပ်ငန်းကွန်ယက် အသုံးပြုခြင်း(သို့)ချိတ်ဆက်ခြင်း သဘောတူညီမှုများကို ကော်မတီအဖွဲ့မှ သတ်မှတ်ထားသော နည်းလမ်းအတိုင်း အများသိရှိအောင် ဖော်ပြရမည်။

ပုဒ်မ ၃၀ စီးပွားရေးအခြေအနေ (သို့)လူမှုရေးပြောင်းလဲသွားသော အခြေအနေတွင် (သို့) ထိုသဘောတူညီမှုထဲရှိ သတ်မှတ်ထားသော ဆက်သွယ်ရေးလုပ်ငန်းကွန်ယက် အသုံးပြုခြင်း(သို့)ချိတ်ဆက်ခြင်း ဝန်ဆောင်မှုအခကြေးငွေပမာဏ သည် သင့်လျော်မှုမရှိခြင်းကြောင့် ခွင့်ပြုစာရရှိသူများအကြား အားသာချက်အားနည်းချက်များဖြစ်ပေါ်စေပြီး တစ်ဖက်ဖက်အား ပိုလိုသောဝန်ပိုထမ်းဆောင်ရစေခြင်း ဖြစ်သောကြောင့် စာချုပ်ဖက်ဖြစ်သော ခွင့်ပြုစာရရှိသူမှ အဆိုပါဝန်ဆောင်မှုအခကြေးငွေပမာဏအား ပြုပြင်ရန် ကော်မတီအဖွဲ့သို့ တောင်းဆိုနိုင်သည်။ ခွင့်ပြုရာတွင် ကော်မတီအဖွဲ့အား သုံးစွဲသူအပေါ်ကျရောက်မည့် သက်ရောက်မှုများကိုပါ ထွက်ချက်စဉ်းစားရမည်။

ပုဒ်မ ၃၁ နိုင်ငံတော်၏တည်တံ့ခိုင်မြဲရေးထိန်းသိမ်းခြင်း အကျိုးအတွက် (သို့) အများပြည်သူအပေါ် ဆိုးရွားမှုဖြစ်စေနိုင်သော ဘေးအန္တရာယ်များကို ကာကွယ်ရန်အတွက် (သို့) အများပြည်သူအကျိုးအား အများအကျိုးဖြစ်စေရန် လုပ်ဆောင်ရန်အတွက် အစိုးရမှကော်မတီအဖွဲ့သို့ တောင်းဆိုသောအခါတွင် ကော်မတီအဖွဲ့အား ခွင့်ပြုစာရရှိသူနှင့်ပတ်သက်မှုရှိသောအစိုးရ၏ဌာနအကြားတွင် ဆက်သွယ်ရေးလုပ်ငန်းကွန်ယက်အသုံးပြုခြင်း(သို့) ချိတ်ဆက်ခြင်းရှိစေရန် လုပ်ဆောင်ရမည်။ အထက်ပါကိစ္စတွင် ခွင့်ပြုစာရရှိသူအား ကော်မတီအဖွဲ့၏ အမိန့်အတိုင်း လိုက်နာရမည်။

## အုပ်စု ၃
## ဆက်သွယ်ရေးလုပ်ငန်းကွန်ယက်နှင့်ကိရိယာတို့၏ စံချိန်

ပုဒ်မ ၃၂ ကော်မတီအဖွဲ့အား ဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှုပေးခြင်းအပေါ် အကျိုးသက်ရောက်မှုရှိပြီး ဆက်သွယ်ရေးလုပ်ငန်းတွင်အသုံးပြုသော ဆက်သွယ်ရေးလုပ်ငန်းကွန်ယက်၊ ဆက်သွယ်ရေးလုပ်ငန်းစက်ပစ္စည်း (သို့) ကိရိယာများ၏ အမျိုးအစားများသည် သတ်မှတ်ထားသည့်နည်းပညာပိုင်း စံချိန်ရှိရန် ကြေညာသတ်မှတ်ခြင်း အာဏာရှိသည်။

ကော်မတီအဖွဲ့သည် ဆက်သွယ်ရေးလုပ်ငန်းကွန်ယက်၊ ဆက်သွယ်ရေးလုပ်ငန်းစက်ပစ္စည်းတို့တွင် အသုံးပြုသော ကိရိယာ (သို့) ဆက်သွယ်ရေးလုပ်ငန်းတစ်ချို့တွင်အသုံးပြုသော ကိရိယာသည် ဆက်သွယ်ရေးလုပ်ငန်း ဝန်ဆောင်မှုတွင် ယူဆောင်အသုံးမပြုမီ စစ်ဆေးခံရခြင်းနှင့်စံချိန်အာမခံခြင်းများ ရရှိပြီးမှသာဖြစ်ရန် ကြေညာသတ်မှတ်နိုင်သည်။

ပုဒ်မ ၃၃ ခွင့်ပြုစာရရှိသူသည် ပုဒ်မ ၃၂ အရ ကြေညာသတ်မှတ်ထားသော နည်းပညာပိုင်းစံချိန်နှင့် အကျိုးပြုရှိစွာ အသုံးပြုနိုင်ရန်အတွက် ခွင့်ပြုစာရရှိသူမှ ဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှုပေးရာတွင် ယူဆောင်အသုံးပြုသော ဆက်သွယ်ရေးလုပ်ငန်းကွန်ယက်၊ ဆက်သွယ်ရေးလုပ်ငန်းစက်ပစ္စည်း နှင့် ကိရိယာများကို ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်းများ ပြုလုပ်ရမည်။

ပုဒ်မ ၃၄ ခွင့်ပြုစာပုံစံ (၃) ရရှိသူသည် ဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှုပေးခြင်း လုပ်ဆောင်မှုကြီးကြပ်စောင့်ရှောက်ခြင်း၊ တပ်ဆင်ခြင်း၊ စစ်ဆေးခြင်းနှင့် နည်းပညာပိုင်းစံချိန်အတိုင်းဖြစ်စေရန် ခွင့်ပြုစာရရှိသူ၏ ဆက်သွယ်ရေးလုပ်ငန်းကွန်ယက်၊ ဆက်သွယ်ရေးလုပ်ငန်းစက်ပစ္စည်း နှင့် ကိရိယာများထိန်းသိမ်း ပြုပြင်ခြင်း တာဝန်ထမ်းဆောင်ရန်အတွက် ကော်မတီအဖွဲ့မှသတ်မှတ်ထားသော အရည်အချင်းနှင့်အရေအတွက် အတိုင်းရှိသော အင်ဂျင်နီယာရှိရမည်။

ပုဒ်မ ၃၅ ကော်မတီအဖွဲ့၏ ကြေညာချက် ပုဒ်မ ၇၂ အပိုဒ် ၂ အရ (သို့) တစ်ယောက်ယောက်မှ စံချိန်အရည်အသွေးစစ်ဆေးစေရန်နှင့်အာမခံပေးခြင်းပြုလုပ်ပေးစေရန် တောင်းဆိုမှုရှိသောကိစ္စတွင် ဆက်သွယ်ရေးလုပ်ငန်းကွန်ယက်၊ ဆက်သွယ်ရေးလုပ်ငန်းစက်ပစ္စည်းတွင် အသုံးပြုသောကိရိယာနှင့် ဆက်သွယ်ရေးလုပ်ငန်းတွင် အသုံးပြုသော ကိရိယာတို့၏ စံချိန်စစ်ဆေးခြင်းနှင့်အာမခံပေးခြင်းများကို ဌာနမှပြုလုပ်ပေးရန် အာဏာရှိစေသည်။

အပိုဒ် ၁ အရ စံချိန်စစ်ဆေးခြင်းနှင့်အာမခံပေးခြင်းသည် ကော်မတီအဖွဲ့မှ ကြေညာသတ်မှတ်ထားသည့် စည်းကမ်းအတိုင်းဖြစ်ရမည်။

ပုဒ်မ ၃၆ စံချိန်စစ်ဆေးခြင်းနှင့်အာမခံခြင်းပြုလုပ်ရန် ရည်ရွယ်ချက်ရှိသူသည် ဆက်သွယ်ရေးလုပ်ငန်းကွန်ယက်၊ ဆက်သွယ်ရေးလုပ်ငန်းစက်ပစ္စည်းတွင် အသုံးပြုသောကိရိယာနှင့် ဆက်သွယ်ရေးလုပ်ငန်းတွင် အသုံးပြုသော ကိရိယာတို့၏ စံချိန်စစ်ဆေးခြင်းနှင့်အာမခံပေးခြင်းဌာနတည်ထောင် ရမည်ဖြစ်ပြီး အဖွဲ့အစည်းဖြစ်ရန်နှင့် ကော်မတီအဖွဲ့မှ ခွင့်ပြုစာရရှိရမည်။

ခွင့်ပြုစာလျှောက်ထားသူ၏အရည်အချင်း၊ ခွင့်ပြုစာလျှောက်ထားခြင်း၊ ခွင့်ပြုစာထုတ်ပေးခြင်း၊ ခွင့်ပြုစာသက်တမ်း၊ ခွင့်ပြုစာသက်တမ်းတိုးခြင်း၊ ခွင့်ပြုစာထုတ်ပေးခြင်းနှင့်ခွင့်ပြုစာသက်တမ်းတိုးခြင်းဝန်ဆောင်မှုကြေး များသည် ကော်မတီအဖွဲ့မှ ကြေညာသတ်မှတ်ထားသော ညွှန်ကြားချက်၊ နည်းလမ်းနှင့် ကန့်သတ်ချက်များအတိုင်း ဖြစ်ရမည်။

စစ်ဆေးခြင်းနှင့်အာမခံခြင်းဌာနသည် ကော်မတီအဖွဲ့မှသတ်မှတ်ထားသည့် အရည်အချင်းနှင့်အရေအတွက် ရှိသော စစ်ဆေးသူရှိရမည်။

စစ်ဆေးခြင်းနှင့်အာမခံခြင်းဌာနတည်ထောင်ရန် ခွင့်ပြုခြင်းတွင် ကော်မတီအဖွဲ့မှ အကြောင်းရပ်ပေါ်မူတည်၍ မည်သည့်ကန့်သတ်ချက်မဆိုသတ်မှတ်နိုင်သည်။

အပိုဒ် ၁ အရ ခွင့်ပြုစာရရှိသူ၏ စံချိန်စစ်ဆေးခြင်းနှင့်အာမခံခြင်း ဝန်ဆောင်မှုကြေးကောက်ခံခြင်းသည် ကော်မတီအဖွဲ့မှ သတ်မှတ်ထားသည့်ပမာဏအတိုင်း ဖြစ်ရမည်။

ပုဒ်မ ၃၇ အောက်ပါကိစ္စရပ်များတွင် ကော်မတီအဖွဲ့အား စစ်ဆေးခြင်းနှင့်အာမခံခြင်းဌာန တည်ထောင်ခြင်း ခွင့်ပြုစာ ပယ်ဖျက်ခွင့်အာဏာရှိသည်။

(၁) စစ်ဆေးခြင်းနှင့်အာမခံခြင်းဌာနတည်ထောင်ရန် ခွင့်ပြုစာရရှိသူသည် ပုဒ်မ ၃၆ အပိုဒ် ၂ အရ ထုတ်ပြန်ကြေညာထားသော အရည်အသွေးနှင့်မကိုက်ညီခြင်း

(၂) စစ်ဆေးမှုပြုလုပ်သော စစ်ဆေးခြင်းနှင့်အာမခံခြင်းဌာနသည် စစ်ဆေးချက်(သို့)အာမခံချက်များ တင်ပြရာတွင် မသင့်ကာမှုပြုလုပ်ခြင်း

(၃) စစ်ဆေးခြင်း၊ စစ်ဆေးချက်တင်ပြခြင်း (သို့) အာမခံခြင်းသည် ခိုင်လုံသောအကြောင်းရင်းမရှိဘဲ ကြန့်ကြာမှုရှိခြင်းကြောင့် စစ်ဆေးရန်တောင်းဆိုသူအား ပြင်းထန်သော ဆုံးရှုံးမှုဖြစ်ပေါ်စေခြင်း

(၄) စစ်ဆေးခြင်းနှင့်အာမခံခြင်းဌာနသည် ကော်မတီအဖွဲ့မှ သတ်မှတ်ထားသည့်အတိုင်း အရည်အချင်း(သို့) အရေအတွက်မပြည့်စုံသော စစ်ဆေးသူရှိခြင်း

အပိုဒ် ၁ အရ ခွင့်ပြုစာပယ်ဖျက်ခြင်းသည် ခွင့်ပြုစာပယ်ဖျက်ခြင်းမခံရမီ လုပ်ဆောင်ပြီးသော စစ်ဆေးခြင်းနှင့်အာမခံခြင်းဌာန၏ စံချိန်အာမခံခြင်းအား သက်ရောက်မှုရှိမည်မဟုတ်ဘဲ အာမခံခြင်းသည် မသံကာမှုရှိခြင်း (သို့) ကော်မတီအဖွဲ့မှ သတ်မှတ်ထားသည့် စံချိန်အတိုင်းမဖြစ်ခြင်းမှသာ သက်ရောက်မှုရှိမည်ဖြစ်ပြီး ကော်မတီအဖွဲ့မှ ထိုစံချိန်အာမခံခြင်းကို ပယ်ဖျက်ရန် သုံးသပ်နိုင်သည်။

အပိုဒ် ၂ အရ ပယ်ဖျက်ခြင်းခံရသော စံချိန်အာမခံခြင်းမှ ဆုံးရှုံးမှုခံရသူရှိသောကိစ္စတွင် ထိုသူသည် လိမ်လည်မှုတွင် ပါဝင်ပူးပေါင်းခြင်းမရှိပါက ပယ်ဖျက်ခြင်းခံရသော စစ်ဆေးခြင်းနှင့်အာမခံခြင်းဌာနမှ ထိုသူလက်ခံရရှိသောဆုံးရှုံးမှုကို ပြန်လျော်ပေးရမည်။

ပုဒ်မ ၃၈ ခွင့်ပြုစာရရှိသူ၏ ဆက်သွယ်ရေးလုပ်ငန်းကွန်ယက်၊ ဆက်သွယ်ရေးလုပ်ငန်းစက်ပစ္စည်း (သို့) ကိရိယာများသည် အသုံးမပြုနိုင်ခြင်း၊ ပုံမှန်အတိုင်းအလုပ်မလုပ်ခြင်း၊ ဆက်သွယ်ရေးလုပ်ငန်းကို အနှောင့်အယှက်ဖြစ်စေခြင်း (သို့) ပုဒ်မ ၃၂ အတိုင်းထုတ်ပြန်ကြေညာ သတ်မှတ်ထားသည့်စံချိန်အတိုင်း မဖြစ်ခြင်းရှိသော ကိစ္စတွင် တာဝန်ရှိဝန်ထမ်းမှ ခွင့်ပြုစာရရှိသူကို ဆက်သွယ်ရေးလုပ်ငန်းကွန်ယက်(သို့)ထိုကိရိယာအသုံးပြုခြင်းကို ပြုပြင်ခြင်း (သို့) ရပ်နားစေခြင်းပြုလုပ်ရန် အမိန့်အာဏာရှိသည်။

အပိုဒ် ၁ ရှိအကြောင်းအရာများကို သုံးစွဲသူ၏ဆက်သွယ်ရေးလုပ်ငန်းတွင်အသုံးပြုသော ကိရိယာများကိုပါ ချွင်းချက်မရှိ တင်းကြပ်အသုံးပြုရမည်။

## အုပ်စု ၄
## ခွင့်ပြုစာရရှိသူ၏အခွင့်အရေး

ပုဒ်မ ၃၉ ဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှုပေးခြင်း လုပ်ဆောင်ရာတွင် ခွင့်ပြုစာရရှိသူသည် တိုင်တပ်ဆင်ရန်(သို့)ကြိုးတပ်ဆင်ရန်၊ ပိုက်ချရန် (သို့) ကိရိယာတပ်ဆင်ရန် နှင့်ဤပုဒ်မအရ အခွင့်အရေးအသုံးပြုရန်ရှိသောအချိန်တွင် ခွင့်ပြုစာရရှိသူအား တိုင်တပ်ဆင်ခြင်း၊ ကြိုးတပ်ဆင်ခြင်း၊ ပိုက်ချခြင်း နှင့် ကိရိယာတပ်ဆင်မည့် လမ်းကြောင်းနှင့်နယ်ပယ်၏ အသေးစိတ်ဖော်ပြသော အစီအစဉ်ပြုလုပ်၍ လုပ်ဆောင်ခြင်းမပြုလုပ်မီ ထင်မြင်ချက်ရရှိရန်အတွက် ကော်မတီအဖွဲ့သို့တင်ပြပေးရမည်။

ကော်မတီအဖွဲ့မှ အပိုဒ် ၁ အရ ထင်မြင်ချက်ရရှိပြီးသောအခါ ခွင့်ပြုစာရရှိသူအား အောက်ပါအတိုင်း အခွင့်အရေးများရှိစေရမည်။

(၁) အခြားခွင့်ပြုစာရရှိသူ(သို့)အစိုးရ၏ဌာန(သို့)ဝန်ဆောင်မှုပေးသောသူ၏ တိုင်ပေါ်၊ ပိုက် (သို့) နည်းလမ်းတူအသုံးပြုရသော အဆောက်အအုံတွင် ဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှုအတွက် ကြိုးတပ်ဆင်ခြင်း (သို့) ကိရိယာတပ်ဆင်ခြင်းများ ပြုလုပ်နိုင်ပြီး အခြားခွင့်ပြုစာရရှိသူ(သို့)အစိုးရ၏ဌာနမှ မလုပ်ဆောင်နိုင်ရန် ကန့်ကွက်ခွင့်မရှိသော်လည်း အကျိုးပြုခြင်းဝန်ဆောင်မှုခ သင့်တော်သလောက်သာ ကောက်ခံနိုင်သည်။

(၂) တိုင်းပြည်၏အများပြည်သူစည်းစိမ်ဖြစ်သော မြေပေါ်တွင် ဆက်သွယ်ရေးလုပ်ငန်းဂန်ဆောင်မှုပေးရန် တိုင်တပ်ဆင်ခြင်း(သို့)ကြိုးချခြင်း၊ ပိုက်ချခြင်း(သို့)ကိရိယာတပ်ဆင်ခြင်း ပြုလုပ်နိုင်ပြီး ထိုမြေပြင်အား ထိန်းသိမ်းစောင့်ရှောက်သော အာဏာရှိ အစိုးရ၏တာဂန်ရှိသူကို ကြိုတင်အကြောင်းကြားရန်နှင့် ထိုမြေပြင်အား ထိန်းသိမ်းစောင့်ရှောက်သော အာဏာရှိ အစိုးရ၏တာဂန်ရှိသူ၏ သတ်မှတ်ထားသော ညွှန်ကြားချက်နှင့် ကန့်သတ်ချက်များအတိုင်း လိုက်နာရမည်။

(၃) အခြားပုဂ္ဂိုလ်၏ မြေပေါ်တွင် ဆက်သွယ်ရေးလုပ်ငန်းဂန်ဆောင်မှုပေးရန် တိုင်တပ်ဆင်ခြင်း (သို့)ကြိုးချခြင်း၊ ပိုက်ချခြင်း(သို့)ကိရိယာတပ်ဆင်ခြင်း ပြုလုပ်နိုင်ပြီး ကော်မတီအဖွဲ့မှ ကြေညာသတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ထိုမြေပြင်၏ပိုင်ရှင်(သို့)အုပ်ထိန်းသူနှင့် သဘောတူညီမှုပြုလုပ်ရမည်။

ခွင့်ပြုချက်မရခြင်း (သို့) ထိုသို့အကျိုးအသုံးပြုခြင်းတွင် ပုံမှန်ထက်ပို၍မြင့်သော အသုံးစရိတ် (သို့) အကျိုးအမြတ်ကောက်ခံခြင်းကြောင့် ခွင့်ပြုစာရရှိသူသည် အပိုဒ် ၂ အတိုင်း မလုပ်ဆောင်နိုင်သောကိစ္စတွင် ခွင့်ပြုစာရရှိသူသည် ကော်မတီအဖွဲ့အား သုံးသပ်ပေးရန်အတွက် တောင်းဆိုနိုင်သည်။ အကယ်၍ ကော်မတီအဖွဲ့မှ ခွင့်ပြုစာရရှိသူ၏ လုပ်ငန်းလုပ်ဆောင်ခြင်းသည် ရှောင်ဖယ်၍မရသော လိုအပ်သည့်ကိစ္စဖြစ်ခြင်းနှင့် အစိုးရ၏ဌာန၊ မြေ(သို့)စည်းစိမ်၏ပိုင်ရှင်(သို့)အုပ်ချုပ်သူအား ပြင်းထန်သောဆုံးရှုံးမှုမဖြစ်စေကြောင်း ထင်မြင်ပါက ထိုကိစ္စအတွက် မြေ(သို့)စည်းစိမ်အသုံးပြုခြင်းကို မြေ(သို့)စည်းစိမ်ကို ထိန်းသိမ်းစောင့်ရှောက်သော တာဂန်အာဏာရှိအစိုးရ၏ တာဂန်ရှိဂန်ထမ်း (သို့) မြေ(သို့)အခြားစည်းစိမ်၏ပိုင်ရှင်(သို့)အုပ်ချုပ်သူအား သိရှိစေရန် ရက် ၃ဂ ထက်မနည်း ကြိုတင်အကြောင်းကြားရမည်ဖြစ်ပြီး သတ်မှတ်နေ့ရက်၊ အချိန် နှင့် ပြုလုပ်မည့်အကြောင်းများကို အကြောင်းကြားရမည်။

အပိုဒ် ၃ အရအကြောင်းကြားခြင်းခံရသူသည် ထိုကိစ္စအတွက် မြေ(သို့)စည်းစိမ်အသုံးပြုခြင်းသည် မသင့်တော်ခြင်း (သို့) အဆိုပါလုပ်ဆောင်ခြင်းသည် မြေ(သို့)စည်းစိမ်တွင် အကျိုးအတွက်အသုံးပြုခြင်းအပေါ် ပြင်းထန်သောဆုံးရှုံးမှုဖြစ်ပေါ်စေခြင်း ဖော်ပြသောတိုင်ကြားစာတင်ပြခြင်းကို အကြောင်းကြားစာလက်ခံရရှိပြီးသည့်နေ့မှ ရက် ၃ဂ အတွင်းတွင် သုံးသပ်ချက်ချပေးရန်အတွက် ကော်မတီအဖွဲ့သို့ တင်ပြနိုင်ပြီး ကော်မတီအဖွဲ့၏ သုံးသပ်ချက်သည် အဆုံးစွန်ဖြစ်သည်။

အပိုဒ် ၃ အရ ကော်မတီအဖွဲ့မှ အကြောင်းကြားသော သတ်မှတ်ချိန်ကျော်လွန်ပြီးသောအခါနှင့် ခွင့်ပြုစာရရှိသူမှ ပုဒ်မ ၄ဂ အတိုင်း မြေ(သို့)စည်းစိမ်အသုံးပြုစေခြင်း အကျိုးအမြတ်ကို ပေးချေပြီးသောအချိန်တွင် ခွင့်ပြုစာရရှိသူအား အပိုဒ် ၂ အတိုင်းလုပ်ဆောင်ရန်အတွက် မြေ(သို့)စည်းစိမ်အသုံးပြုခြင်း အခွင့်အရေးရှိစေပြီး ကော်မတီအဖွဲ့မှ သတ်မှတ်ထားသည့် ညွှန်ကြားချက်အောက်တွင် ရှိရမည်ဖြစ်၍ သဘာဂအခြေအနေအပေါ် ပြဿနာတက်စေခြင်း၊ နှောင့်ယှက်ခြင်း(သို့)ဆိုးကျိုးသက်ရောက်မှုမဖြစ်စေခြင်းနှင့် ထိုမြေအကျိုးအသုံးပြုခြင်းကို ပြင်းပြစွာ လျော့နည်းစေခြင်း မဖြစ်စေရပါ။

ပုဒ်မ ၄ဂ ခွင့်ပြုစာရရှိသူသည် ကော်မတီအဖွဲ့မှသတ်မှတ်ထားသည့် ပမာဏအတိုင်း ပုဒ်မ ၃၉ အရ မြေအသုံးပြုခြင်း အခကြေးငွေကို ပေးချေရမည်။

မြေ(သို့)စည်းစိမ်းထိန်းသိမ်းစောင့်ရှောက်သော အာဏာတာဂန်ရှိသူ (သို့) မြေ(သို့)စည်းစိမ်ပိုင်ရှင်(သို့) အုပ်ချုပ်သူမှ အပိုဒ် ၁ အရ အကျိုးအမြတ်ကို လက်မခံပါက ခွင့်ပြုစာရရှိသူအား အကျိုးအမြတ်အခကြေးငွေကို ကော်မတီအဖွဲ့မှသတ်မှတ်ထားသည့် ညွှန်ကြားချက်အတိုင်း ကော်မတီအဖွဲ့သို့ပေးချေရမည်။

ခွင့်ပြုစာရရှိသူ (သို့)မြေပိုင်ရှင်(သို့)မြေထိန်းသိမ်းစောင့်ရှောက်သောတာဝန်ရှိဝန်ထမ်းမှ အပိုဒ် ၁ အတိုင်း ကော်မတီအဖွဲ့မှသတ်မှတ်ထားသည့် အကျိုးအမြတ်အခကြေးငွေပမာဏကို မကျေနပ်ပါက အုပ်ချုပ်ရေးတရားရုံးသို့ တရားစွဲဆိုခွင့် အခွင့်အရေးရှိသည်။

ပုဒ်မ ၄၁ ကော်မတီအဖွဲ့မှသတ်မှတ်ထားသည့် ညွှန်ကြားချက်အတိုင်း မြေ(သို့)စည်းစိမ်ထိန်းသိမ်း စောင့်ရှောက်သော အာဏာရှိအစိုးရ၏ တာဝန်ရှိပုဂ္ဂိုလ် (သို့) မြေပိုင်ရှင်(သို့)အုပ်ချုပ်သူကို ကြိုတင်၍ အကြောင်းကြား ပြီးသောအခါတွင် အဆိုပါလုပ်ဆောင်ခြင်းသည် ထိုမြေအကျိုးအသုံးပြုခြင်းကို ဆိုးကျိုးသက်ရောက်မှုမရှိပါက ခွင့်ပြုစာရရှိသူသည် သဘောတူညီမှုရရှိရန်မလိုအပ်ဘဲ တိုင်းပြည်၏အများပြည်သူအကျိုးစည်းစိမ် (သို့) အခြားပုဂ္ဂိုလ်၏မြေဖြစ်သော မြေပေါ်သို့ ကြိုးဖြတ်သန်းခွင့်ရှိသည်။

မြေ(သို့)စည်းစိမ်ထိန်းသိမ်း စောင့်ရှောက်သော အာဏာရှိအစိုးရ၏ တာဝန်ရှိပုဂ္ဂိုလ် (သို့) မြေပိုင်ရှင်(သို့) အုပ်ချုပ်သူသည် မိမိ၏မြေတွင် အကျိုးအသုံးပြုခြင်းကို ဆိုးကျိုးသက်ရောက်မှုမရှိသော နေရာတွင် ကြိုးဆွဲရန် ခွင့်ပြုစာရရှိသူအား အကြောင်းကြားနိုင်ပြီး လုပ်ဆောင်ခြင်းကြောင့် ဆုံးရှုံးမှုရရှိပါက ခွင့်ပြုစာရရှိသူမှ လျော်ကြေးတောင်းဆိုနိုင်သည်။ ဤတွင် ပုဒ်မ ၃၉ နှင့် ပုဒ်မ ၄၀ ရှိအကြောင်းအရာကို ယူဆောင်၍ ချွင်းချက်မရှိ တင်းကြပ်အသုံးပြုရမည်။

ဤပုဒ်မရှိအကြောင်းကို ယူဆောင်၍ ပုဒ်မ ၃၉ အပိုဒ် ၂ (၁) အတိုင်း လုပ်ငန်းလုပ်ဆောင်ခြင်းတွင် ချွင်းချက်မရှိ တင်းကြပ်အသုံးပြုနိုင်သည်။

ပုဒ်မ ၄၂ စစ်ဆေးရန်၊ ပြုပြင်ထိန်းသိမ်းရန်၊ ပြုပြင်ရန်(သို့)ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်(သို့)ဆုံးရှုံးခြင်း ကာကွယ်ရန်အတွက် ခွင့်ပြုစာရရှိသူသည် ဆက်သွယ်ရေးလုပ်ငန်းကွန်ယက်၊ တိုင်၊ ကြိုး၊ ပိုက် (သို့) ထိုမြေအတွင်းရှိ ကိရိယာရှိသော မြေအတွင်းသို့ဝင်ရောက်နိုင်ပြီး ထိုမြေအုပ်ချုပ်သောသူသို့ သိရှိစေရန် ရက် ၃၀ ထက်မနည်း ကြိုတင်၍ စာဖြင့်အကြောင်းကြားရမည်ဖြစ်သော်လည်း ထိုအချိန်အတောအတွင်းဖြစ်ပေါ်သော ဆုံးရှုံးမှုကို ဖြေရှင်းရန် အရေးတကြီးကိစ္စရှိသောအချိန်တွင် ခွင့်ပြုစာရရှိသူသည် ဖြေရှင်းမှုလုပ်ဆောင်ရန်အတွက် ထိုမြေသို့ ချက်ချင်းဝင်နိုင်သည်။

အပိုဒ် ၁ အရလုပ်ဆောင်ခြင်းကြောင့် ဖြစ်ပေါ်သောဆုံးရှုံးမှုရှိပါက ဆုံးရှုံးခံရသူသည် ခွင့်ပြုစာရရှိသူမှ ထိုဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းဆိုခွင့်ရှိသည်။

ပုဒ်မ ၄၃ ဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှု သုံးစွဲသူ၏ကိရိယာသည် ဆက်သွယ်ရေးလုပ်ငန်းပိုင်း အနှောင့်အယှက်ဖြစ်ပေါ်စေခြင်း (သို့) ခွင့်ပြုစာရရှိသူ၏ ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်မှုတွင် အသုံးပြုသော ဆက်သွယ်ရေးလုပ်ငန်းကွန်ယက်(သို့)ကိရိယာအား ဆုံးရှုံးမှုဖြစ်ပေါ်စေခြင်း ကိစ္စတွင် ခွင့်ပြုစာရရှိသူအား ထိုသုံးစွဲသူသို့ သင့်တော်သောအချိန်တွင်းတွင် အဆိုပါကိရိယာကို ပြောင်းလဲစေရန်(သို့)ပြုပြင်ရန် စာဖြင့်အကြောင်းကြားရမည်။

ဝန်ဆောင်မှုသုံးစွဲသူသည် အပိုဒ် ၁ အရ အကြောင်းကြားစာအတိုင်း လုပ်ဆောင်ခြင်းမရှိသောအချိန်နှင့် ထိုကိရိယာအသုံးပြုခြင်းသည် ဆက်သွယ်ရေးလုပ်ငန်းပိုင်းအနှောင့်အယှက် ဖြစ်ပေါ်စေခြင်း (သို့) ခွင့်ပြုစာရရှိသူ၏ ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်မှုတွင် အသုံးပြုသော ဆက်သွယ်ရေးလုပ်ငန်းကွန်ယက်(သို့)ကိရိယာအား ဆုံးရှုံးမှုဖြစ်ပေါ်စေခြင်းရှိနေသေးပါက ခွင့်ပြုစာရရှိသူသည် ထိုဝန်ဆောင်မှုသုံးစွဲသူအား ဆက်သွယ်ရေးလုပ်ငန်း ဝန်ဆောင်မှုပေးခြင်းကို သုံးစွဲသူမှ အကြောင်းကြားစာအတိုင်း လုပ်ဆောင်ပြီးသည်အထိ ခေတ္တရပ်တန့်ထားနိုင်သည်။

အရေးကြီးသောကိစ္စရှိသောအချိန်တွင် ခွင့်ပြုစာရရှိသူသည် ထိုဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှု ပေးခြင်းကို ချက်ချင်းရပ်တန့်နိုင်ပြီး သိရှိစေရန် နောက်ပိုင်းမှအကြောင်းကြားနိုင်သည်။

ပုဒ်မ ၄၄ ဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှုပေးခြင်း (သို့) ဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှုပေးဌာနတွင်အသုံးပြုသော ဆက်သွယ်ရေးလုပ်ငန်းကွန်ယက်၊ တိုင်၊ ကြိုး၊ ပိုက်၊ လက်ခံပေးပို့ကိရိယာ (သို့) အခြားကိရိယာ များကို ဆုံးရှုံးစေခြင်း၊ ဖျက်ဆီးခြင်း၊ တန်ဖိုးလျော့စေခြင်း၊ အကျိုးမဲ့စေခြင်း မည်သူတစ်ဦးတစ်ယောက်မျှပြုလုပ်၍မရ။

ဤပုဒ်မအကျိုးအတွက် ကော်မတီအဖွဲ့မှ လိုအပ်သည့်အတိုင်းအပိုဒ် ၁ အရ အရာအမျိုးမျိုးကို ထိန်းသိမ်းစောင့်ရှောက်သော သတ်မှတ်ချက်များကို ကြေညာနိုင်သည်။

အပိုဒ် ၅

ဝန်ဆောင်မှုသုံးစွဲသူ၏အခွင့်အရေး

ပုဒ်မ ၄၅ ခွင့်ပြုစာရရှိသူ၏ ဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှုပေးခြင်းကြောင့် ဆုံးရှုံးမှုလက်ခံရရှိသူသည် ဌာနသို့စာဖြင့်တင်ခြင်းဖြင့် ကော်မတီအဖွဲ့သို့တိုင်ကြားခွင့် အခွင့်အရေးရှိသည်။

အပိုဒ် ၁ အရတိုင်ကြားစာသည် ရှင်းလင်းပြတ်သားသော ဖြစ်ရပ်မှန်များကို ဖော်ပြရန်နှင့် အဆိုပါကိစ္စနှင့် ပတ်သက်သော သက်သေစာရွက်စာတမ်းရှိပါက ထိုတိုင်ကြားစာနှင့်အတူ ပူးတွဲပေးပို့ရမည်။

ကော်မတီအဖွဲ့၏တိုင်ကြားစာသုံးသပ်နေစဉ် အတောအတွင်းတွင် တိုင်ကြားသူသည် ခွင့်ပြုစာရရှိသူအား မိမိအပေါ်သက်ရောက်သော ဆုံးရှုံးမှုများကို ခေတ္တဖြေရှင်းပေးရန်အတွက် လုပ်ဆောင်မှုတစ်ခုခုပြုလုပ်ရန် ကော်မတီအဖွဲ့သို့ တောင်းဆိုနိုင်သည်။

ပုဒ်မ ၄၆ ကော်မတီအဖွဲ့အား တိုင်ကြားမှုသုံးသပ်ချက်ကို တိုင်ကြားစာလက်ခံရရှိသည့်နေ့မှ ရက် ၃၀ အတွင်း ပြီးဆုံးအောင်ဆောင်ရွက်ရမည်ဖြစ်ပြီး ကော်မတီအဖွဲ့မှ ခွင့်ပြုစာရရှိသူသည် ဥပဒေချိုးဖောက်ခြင်း၊ ခွင့်ပြုချက် ကန့်သတ်ခြင်းများ၊ ဝန်ဆောင်မှုပေးခြင်းသဘောတူမှု (သို့) ကောင်းသောဝန်ဆောင်မှုပေးခြင်းစံချိန်အတိုင်း မဖြစ်ခြင်း ပြုလုပ်သည်ဟု ထင်မြင်ချက်ရှိသောကိစ္စတွင် တစ်ဖက်မှသူအား ဖြစ်ရပ်မှန်နှင့်မိမိ၏ သက်သေအထောက်အထားများ ဖော်ပြရန် အခွင့်အရေးပေးရမည်ဖြစ်ပြီး ခွင့်ပြုစာရရှိသူအား သတ်မှတ်ထားသောအချိန်အတွင်းတွင် မှန်ကန်အောင် ဖြေရှင်းမှုပြုလုပ်ရန် ကော်မတီအဖွဲ့မှ ခိုင်းစေခြင်းအာဏာရှိသည်။

ပုဒ်မ ၄၇ ခွင့်ပြုစာရရှိသူသည် ဝန်ဆောင်မှုကြေး(သို့)သုံးစွဲခအား ပုဒ်မ ၅၅ အရ ကော်မတီအဖွဲ့မှ သတ်မှတ်ထားသည့် အမြင့်ဆုံးနှုန်းထက် မြင့်ခြင်း (သို့) မျိုးတူအမျိုးအစား(သို့)လက္ခဏာရှိ ဆက်သွယ်ရေးလုပ်ငန်း ဝန်ဆောင်မှုအသုံးပြုသော အခြားဝန်ဆောင်မှုသုံးစွဲသူမှ ကောက်ခံသည့်နှုန်းထက် မြင့်ခြင်း (သို့) ခွင့်ပြုစာရရှိသူသည် ဝန်ဆောင်မှုကြေး(သို့)သုံးစွဲခအား မမှန်မကန်ကောက်ခံခြင်းရှိကြောင်း သုံးစွဲသူမှထင်မြင်သောကိစ္စတွင် သုံးစွဲသူများသည် မိမိ၏ဝန်ဆောင်မှုသုံးစွဲခြင်းနှင့်ပတ်သက်သော အချက်အလက်များကို သိရှိစေရန် ခွင့်ပြုစာရရှိသူမှ တောင်းဆိုခွင့်ရှိသည်။

ခွင့်ပြုစာရရှိသူသည် ဂန်ဆောင်မှုသုံးစွဲသူအား အပိုဒ် ၁ အရအချက်အလက် သိရှိစေရန် သင့်လျော်သောအချိန်အတွင်းတွင် အကြောင်းကြားရမည်။ သို့ရာတွင် တောင်းဆိုသည့်နေ့မှစ၍ ရက် ၃၀ ထက်မကျော်ရန်နှင့် ဂန်ဆောင်မှုသုံးစွဲသူမှ တောင်းဆိုသောကိစ္စတွင် ခွင့်ပြုစာရရှိသူသည် ဂန်ဆောင်မှုသုံးစွဲသူအား အချက်အလက်မှန်ကန်ကြောင်းထောက်ခံသည့် စာရွက်စာတမ်းပါ ပြုလုပ်ပေးရမည်ဖြစ်ပြီး ဂန်ဆောင်မှုသုံးစွဲသူမှ ထိုကိစ္စအတွက် အခကြေးငွေကောက်ခံနိုင်သည်။ သို့သော် ထိုအခကြေးငွေသည် ဖြစ်ရပ်မှန်ထက် ပိုမမြင့်ရန်နှင့် ကော်မတီအဖွဲ့မှ သတ်မှတ်ထားသည့် ညွှန်ကြားချက်အတိုင်းဖြစ်ရမည်။

ပုဒ်မ ၄၈ ခွင့်ပြုစာရရှိသူ၏ ဂန်ဆောင်မှုကြေး(သို့)သုံးစွဲမှုခ ကောက်ခံခြင်းသည် ပုဒ်မ ၄၇ အပိုဒ် ၁ အတိုင်းရှိ လက္ခဏာတစ်ခုခုလုပ်ဆောင်ခြင်းရှိသည်ဟု မသင်္ကာမှုခြင်းရှိသော ကိစ္စတွင် ဂန်ဆောင်မှုသုံးစွဲသူသည် ကော်မတီအဖွဲ့သို့ တိုင်ကြားခွင့်ရှိပြီး ပုဒ်မ ၄၅ နှင့် ပုဒ် ၄၆ ရှိအကြောင်းအရာကို ယူဆောင်၍ ချွင်းချက်မရှိ တင်းကြပ်အသုံးပြုနိုင်သည်။

အပိုဒ် ၁ အရ တိုင်ကြားခြင်းသုံးသပ်ခြင်းသည် ခွင့်ပြုစာရရှိသူအား ဂန်ဆောင်မှုကြေး(သို့)သုံးစွဲခ ကောက်ခံခြင်းသည် မှန်ကန်မှုရှိကြောင်း သက်သေပြရန်တာဂန်ရှိသည်။

ပုဒ်မ ၄၉ ဂန်ဆောင်မှုသုံးစွဲသူသည် ခွင့်ပြုစာရရှိသူ၏ ဂန်ဆောင်မှုပေးခြင်းတွင် မိမိ၏ဆက်သွယ်ရေးလုပ်ငန်းစက်ပစ္စည်းကို ယူဆောင်အသုံးပြုနိုင်ခွင့်ရှိသည်။

ခွင့်ပြုစာရရှိသူ၏ ဂန်ဆောင်မှုပေးခြင်းစနစ်တွင် ယူဆောင်အသုံးပြုသော ဂန်ဆောင်မှုသုံးစွဲသူ၏ ဆက်သွယ်ရေးလုပ်ငန်း စက်ပစ္စည်းအသုံးပြုခြင်း ဂန်ဆောင်မှုခကောက်ခံခြင်းသည် ကော်မတီအဖွဲ့မှ သတ်မှတ်ထားသော နှုန်းနှင့်ညွှန်ကြားချက်အတိုင်း ဖြစ်ရမည်။

ဆက်သွယ်ရေးလုပ်ငန်းဂန်ဆောင်မှုပေးရာတွင် ခွင့်ပြုစာရရှိသူမှသတ်မှတ်သော ဆက်သွယ်ရေးလုပ်ငန်း စက်ပစ္စည်း အသုံးပြုရန် နည်းပညာပိုင်းလိုအပ်သော ဆက်သွယ်ရေးလုပ်ငန်းဂန်ဆောင်မှုပေးခြင်း အမျိုးအစားတစ်ချို့မှလွဲ၍ ခွင့်ပြုစာရရှိသူသည် ဂန်ဆောင်မှုသုံးစွဲသူအား ခွင့်ပြုစာရရှိသူ၏ ဆက်သွယ်ရေးလုပ်ငန်း စက်ပစ္စည်းကိုသာ အသုံးပြုရန်(သို့) ခွင့်ပြုစာရရှိသူမှ သတ်မှတ်ထားသော ဆက်သွယ်ရေးလုပ်ငန်းစက်ပစ္စည်းကိုသာ အသုံးပြုရန်စသော တင်းကြပ်မှုဖြင့် ဂန်ဆောင်မှုပေးခြင်း ကန့်သတ်ချက်များ သတ်မှတ်၍မရပါ။ ဤတွင် ခွင့်ပြုစာရရှိသူသည် အဆိုပါကန့်သတ်ချက်များ သတ်မှတ်နိုင်ခြင်းသည် ကော်မတီအဖွဲ့မှ ထိုဆက်သွယ်ရေးလုပ်ငန်း စက်ပစ္စည်းအမျိုးအစားသတ်မှတ်ခြင်းသည် ဂန်ဆောင်မှုသုံးစွဲသူများ၏ သတ်မှတ်သည့်ဆက်သွယ်ရေးလုပ်ငန်း စက်ပစ္စည်းအမျိုးအစားကို ဂန်ဆောင်မှုပေးခြင်းလက်ခံရာတွင် ကိုယ်တိုင်ရှာဖွေနိုင်သည့် အခွင့်အရေးအား မကန့်ကွက်ပါဟု ထင်မြင်မှသာ ပြုလုပ်နိုင်သည်။ ဤကိစ္စတွင် ခွင့်ပြုစာရရှိသူသည် ဂန်ဆောင်မှုသုံးစွဲသူအပေါ် ဂန်ဆောင်မှုပေးခြင်း(သို့)ဂန်ဆောင်မှုပေးခြင်းစနစ်နှင့်ချိတ်ဆက်ခြင်းများကို ငြင်းဆန်ခွင့်မရှိပါ။

ပုဒ်မ ၅၀ ကော်မတီအဖွဲ့အား ကိုယ်ရေးကိုယ်တာအချက်အလက်၊ ကိုယ်ရေးကိုယ်တာအခွင့်အရေး နှင့် ဆက်သွယ်ရေးလုပ်ငန်းပိုင်းဖြင့် လွတ်လပ်စွာဆက်သွယ်နိုင်ခြင်း စသည်တို့နှင့်ပတ်သက်သော ဂန်ဆောင်မှုသုံးစွဲသူ စောင့်ရှောက်ရေးအတွက် သတ်မှတ်ချက်များ သတ်မှတ်ရမည်။

ခွင့်ပြုစာရရှိသူအား အပိုဒ် ၁ အရ ကော်မတီအဖွဲ့မှသတ်မှတ်သော သတ်မှတ်ချက်များအတိုင်း လိုက်နာရန် တာဂန်ရှိသည်။

ပုဂ္ဂိုလ်တစ်ဦးဦးသည် အပိုဒ် ၁ အရ ဂန်ဆောင်မှုသုံးစွဲသူ၏ အခွင့်အရေးကို ကျူးလွန်မှု တွေ့ရှိရသောအခါတွင် ခွင့်ပြုစာရရှိသူ(သို့)ကော်မတီအဖွဲ့အား အဆိုပါလုပ်ရပ် ရပ်တန့်ရန်အတွက် လုပ်ဆောင်ရန်နှင့် ဂန်ဆောင်မှုသုံးစွဲသူ သိရှိစေရန် လျင်မြန်စွာအကြောင်းကြားပါ။

# အုပ်စု ၆
## ဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှုပေးခြင်း သဘောတူညီမှု

ပုဒ်မ ၅၁ ခွင့်ပြုစာရရှိသူနှင့်ဆက်သွယ်ရေးလုပ်ငန်း ဝန်ဆောင်မှုသုံးစွဲသူအကြား သဘောတူညီချက်နှင့် ခွင့်ပြုစာရရှိသူမှသတ်မှတ်မည့် ဆက်သွယ်ရေးလုပ်ငန်း ဝန်ဆောင်မှုပေးခြင်းနှင့်ပတ်သက်သော ကန့်သတ်ချက်တိုင်းနှင့် သဘောတူညီချက်(သို့)အဆိုပါကန့်သတ်ချက်များ ပြုပြင်ပြောင်းလဲခြင်းများသည် ကော်မတီအဖွဲ့၏ သဘောတူညီမှု ရရှိပြီးမှသာ ဖြစ်သည်။

ကော်မတီအဖွဲ့မှ သဘောတူညီမှုပေးနိုင်သော သဘောတူညီချက်နှင့်ကန့်သတ်ချက်များသည် အနည်းဆုံးအနေဖြင့်

(၁) ခွင့်ပြုစာရရှိသူနှင့် ဝန်ဆောင်မှုသုံးစွဲသူတို့၏ တာဝန်နှင့်တာဝန်ယူမှုနှင့်ပတ်သက်သော ရှင်းလင်းပြီးတရားမျှတမှုရှိသည့် သတ်မှတ်ချက်ရှိခြင်း

(၂) ခွင့်ပြုစာရရှိသူ၏ ဝန်ဆောင်မှုပေးခြင်းစံချိန်နှင့်ပတ်သက်သော သတ်မှတ်ချက်ရှိခြင်း

(၃) ဝန်ဆောင်မှုပေးခြင်း အမျိုးအစားနှင့် အသုံးစရိတ်နယ်ပယ် နှင့်ပတ်သက်သည်များ ပြီးပြည့်စုံစွာနှင့် တရားမျှတသော သတ်မှတ်ချက်ရှိခြင်းနှင့် သတ်မှတ်ထားသည်မှလွဲ၍ အခြားအသုံးစရိတ်များ မကောက်ခံပါဟု အာမခံပေးသော သတ်မှတ်ချက်ရှိခြင်း

(၄) သင့်လျော်သောအကြောင်းမရှိသော ဝန်ဆောင်မှုသုံးစွဲသူ၏ အကျိုးကို ကန့်သတ်သော သတ်မှတ်ချက် မရှိခြင်း

(၅) ဘက်လိုက်ခြင်း၊ ခွဲခြားခြင်း (သို့)ဝန်ဆောင်မှုသုံးစွဲသူကိုဟန့်တားခြင်း (သို့)တစ်ဖက်ဖက်ကို တရားမျှတမှု မရှိစေခြင်း စသောလက္ခဏာရှိသည့် သတ်မှတ်ချက် မရှိခြင်း

ခွင့်ပြုစာရရှိသူသည် သဘောတူညီချက်(သို့)ကန့်သတ်ချက်များ သဘောတူညီမှုရရှိပြီးသောအခါတွင် ခွင့်ပြုစာရရှိသူအား ထိုသဘောတူညီချက်(သို့)ကန့်သတ်ချက်များကို ဝန်ဆောင်မှုသုံးစွဲသူနှင့်အသုံးပြုရန် အခွင့်အရေးရှိသည်။

ဤပုဒ်မအကျိုးအတွက် ကော်မတီအဖွဲ့အား ဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှုပေးခြင်းနှင့် ပတ်သက်သော သဘောတူညီချက်နှင့်ကန့်သတ်ချက်၏ စံချိန်သတ်မှတ်ချက်များကို ကြေညာသတ်မှတ်ရန်အာဏာရှိစေပြီး မည်သည့်သဘောတူညီချက်နှင့်ကန့်သတ်ချက်ပေးခြင်း ကင်းလွတ်စေခြင်း ပြုလုပ်ရန်သတ်မှတ်နိုင်ပြီး ကော်မတီအဖွဲ့၏ သဘောတူညီမှုကို ရရှိရန်မလိုပါ။

သုံးစွဲသူကို စောင့်ရှောက်ရန်အတွက် ဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှုပေးခြင်းနှင့် ပတ်သက်သော သဘောတူညီချက်ပြုလုပ်ခြင်း ညွှန်ကြားချက်သတ်မှတ်ခြင်း ဥပဒေတစ်ခုခုရှိသောကိစ္စတွင် ခွင့်ပြုစာရရှိသူအား အဆိုပါ ဥပဒေ၏ညွှန်ကြားချက်များအတိုင်း လိုက်နာမှုရှိရမည်။

ပုဒ်မ ၅၂ ခွင့်ပြုစာရရှိသူသည် မိမိ၏ဝန်ဆောင်မှုပေးခြင်း သဘောတူညီချက်နှင့်ကန့်သတ်ချက်များ သတ်မှတ်ခြင်းများကို ကော်မတီအဖွဲ့မှသတ်မှတ်သော နည်းလမ်းအတိုင်း အများသိရှိအောင် ဖော်ပြပေးရန်နှင့် ပြည်သူလူထုများမှ စစ်ဆေးနိုင်ရန်အတွက် တွေ့မြင်ရန်လွယ်ကူသော ခွင့်ပြုစာရရှိသူ၏ အလုပ်ခွင်တွင် ဖော်ပြထားရမည်။

ပုဒ်မ ၅၃ ခွင့်ပြုစာရရှိသူသည် မိမိ၏ဆက်သွယ်ရေးလုပ်ငန်း ဝန်ဆောင်မှုပေးခြင်း အရည်အသွေးစံချိန် အတည်ပြုခြင်းကို ကြေညာထားပြီးသောကိစ္စတွင် ကြေညာထားသည့်အတိုင်း လိုက်နာခြင်းသည် ခွင့်ပြုစာရရှိသူ၏ တာဝန်ဖြစ်သည်။

ခွင့်ပြုစာရရှိသူသည် ကြေညာထားသည့်အတိုင်း ဆက်သွယ်ရေးလုပ်ငန်း ဝန်ဆောင်မှုပေးခြင်းမရှိပါက ကော်မတီအဖွဲ့မှ ခွင့်ပြုစာရရှိသူအား ကြေညာထားသည့်အတိုင်းကိုက်ညီစေရန် ပြုပြင်စေခြင်း ခိုင်းစေခွင့်အာဏာရှိသည်။

ပုဒ်မ ၅၄ ကော်မတီအဖွဲ့မှသတ်မှတ်ထားသော ဆက်သွယ်ရေးလုပ်ငန်း ဝန်ဆောင်မှုပေးခြင်းနှင့် လုပ်ငန်းလုပ်ဆောင်ခြင်းနှင့်ပတ်သက်သော သဘောတူညီချက် (သို့)ကန့်သတ်ချက် တစ်ခုခုအား ခွင့်ပြုစာရရှိသူမှ နိုင်ငံခြားအစိုးရနှင့်ပြုလုပ်ခြင်း၊ နိုင်ငံခြားအဖွဲ့အစည်းနှင့်ပြုလုပ်ခြင်း နှင့်နိုင်ငံခြားတွင် နေထိုင်သောပုဂ္ဂိုလ် (သို့) အဖွဲ့အစည်းနှင့်ပြုလုပ်ခြင်း၊ အဆိုပါသဘောတူညီချက်(သို့)သဘောတူညီမှုကို ပြုပြင်ပြောင်းလဲခြင်း(သို့)ပယ်ဖျက်ခြင်း များရှိပါက ပုံမှန်အတိုင်းဝယ်ယူငှားရမ်းခြင်းမှလွဲ၍ ကော်မတီအဖွဲ့၏ ထင်မြင်ချက်ရရှိပြီးမှသာ ပြုလုပ်နိုင်သည်။

ခွင့်ပြုစာရရှိသူသည် နိုင်ငံခြားအစိုးရ၊ နိုင်ငံခြားအဖွဲ့အစည်း၊ နှင့်နိုင်ငံခြားတွင် နေထိုင်သောပုဂ္ဂိုလ် (သို့) အဖွဲ့အစည်းတို့နှင့်ပြုလုပ်သော စာချုပ်(သို့)သဘောတူချက် အစောင်ရေတိုင်း၏မိတ္တူများကို စာချုပ်ချုပ်သည့်နေ့(သို့) သဘောတူညီချက် ပြုလုပ်သည့်နေ့မှစ၍ ရက် ၃၀ အတွင်းတွင် ကော်မတီအဖွဲ့မှ သတ်မှတ်ထားသည့် ညွှန်ကြားချက် အတိုင်း ပေးပို့ရမည်။ ဝယ်ယူငှားရမ်းခြင်းနှင့်ပတ်သက်သော စာချုပ်(သို့)သဘောတူညီချက် (သို့) ကော်မတီအဖွဲ့မှ ကြေညာသတ်မှတ်သော စာချုပ်(သို့)သဘောတူညီချက်များဖြစ်ပါက ကော်မတီအဖွဲ့သို့ ပေးပို့ရန်မလိုအပ်ပါ။

ကော်မတီအဖွဲ့မှ အပိုဒ် ၁ အရသဘောတူညီမှုမရရှိဘဲ ပြုလုပ်သော စာချုပ်(သို့)သဘောတူညီချက် (သို့) ကော်မတီအဖွဲ့၏ သဘောတူညီမှုနှင့်ကွဲပြားသော လုပ်ဆောင်မှုတစ်ခုခုရှိကြောင်း တွေ့ရှိရသောအချိန်တွင် ကော်မတီအဖွဲ့မှ ခွင့်ပြုစာရရှိသူအား ကော်မတီအဖွဲ့မှသတ်မှတ်ထားသော အချိန်ကာလနှင့်ညွှန်ကြားချက်အတိုင်း ပြုပြင်ခြင်း လုပ်ဆောင်စေရန် ခိုင်းစေခွင့်အာဏာရှိပြီး ခွင့်ပြုစာရရှိသူမှ အဆိုပါအချိန်ကာလအတွင်းတွင် မလုပ်ဆောင်ပါက ခွင့်ပြုစာပယ်ဖျက်ခံရခြင်း၏ အကြောင်းရင်းဖြစ်သည်ဟု ယူဆသည်။

## အပိုင်း ၇
## ဆက်သွယ်ရေးလုပ်ငန်း ဝန်ဆောင်မှုကြေးနှင့်သုံးစွဲမှုခ

ပုဒ်မ ၅၅ လုပ်ငန်းလုပ်ဆောင်ရန် ခွင့်ပြုခြင်းခံရသော ဆက်သွယ်ရေးလုပ်ငန်း၏ လက္ခဏာနှင့် အမျိုးအစားအတိုင်း ဝန်ဆောင်မှုသုံးစွဲသူမှ ကောက်ခံမည့် ခွင့်ပြုစာရရှိသူ၏ ဝန်ဆောင်မှုကြေးနှင့်သုံးစွဲမှုခ၏ အမျိုးအစား နှင့်အမြင့်ဆုံးနှုန်းထားကို ကော်မတီအဖွဲ့မှ ကြေညာသတ်မှတ်ပေးရမည်။

ပုဒ်မ ၅၆ ပုဒ်မ ၅၅ အရ ဝန်ဆောင်မှုကြေးနှင့်သုံးစွဲမှုခ အမြင့်ဆုံးနှုန်းထား သတ်မှတ်ခြင်းသည်

(၁) ရှင်းလင်းသော တွက်ချက်နည်းရှိခြင်း

(၂) ခွင့်ပြုစာရရှိသူနှင့်ဝန်ဆောင်မှုသုံးစွဲသူအပေါ် တရားမျှတသော နှုန်းထားဖြစ်ခြင်း

(၃) ဘက်လိုက်ခြင်း၊ ခွဲခြားခြင်း (သို့) ဝန်ဆောင်မှုသုံးစွဲသူ(သို့)ပုဂ္ဂိုလ်တစ်ဦးဦးအား ဟန့်တားခြင်းဖြစ်သော လက္ခဏာမရှိခြင်း

ပုဒ်မ ၅၇ ခွင့်ပြုစာတစ်ဦးချင်းစီသည် ပုဒ်မ ၅၅ တွင်သတ်မှတ်ထားသော ကော်မတီအဖွဲ့၏ အမြင့်ဆုံးနှုန်းထားထက်ပိုသော ဝန်ဆောင်မှုကြေး(သို့)သုံးစွဲမှုခ ကောက်ခံ၍မရရန်နှင့် တရားမျှတစွာ ယှဉ်ပြိုင်မှုကို သက်ရောက်မှုရှိစေမည့် ကုန်သွယ်ရေးပိုင်းဟန့်တားမှုဖြစ်သော လက္ခဏာဖြစ်သည့် နှုန်းထားသတ်မှတ်ခြင်း မဖြစ်ရပြီး နည်းလမ်းတူ ဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှု လက္ခဏာ(သို့)အမျိုးအစားရှိသော ဝန်ဆောင်မှုအတွက် မိမိ၏ ဝန်ဆောင်မှုသုံးစွဲသူမှ နှုန်းထားတူကောက်ခံရမည်။

ကော်မတီအဖွဲ့မှသတ်မှတ်ထားသည့် ညွှန်ကြားချက်အတိုင်း ပြည်သူလူထု၏ အသိပညာတိုးမြှင့်ရေး အကျိုးအတွက် သတင်းအချက်အလက်နှင့်အသိပညာပေးမှု ဝန်ဆောင်မှုပေးခြင်းအတွက် ဝန်ဆောင်မှုကြေး(သို့) သုံးစွဲမှုခအား လျှော့ချရန်(သို့)ပယ်ဖျက်ရန် ကော်မတီအဖွဲ့မှ ခွင့်ပြုစာရရှိသူအား သတ်မှတ်နိုင်သည်။

ပုဒ်မ ၅၈ ခွင့်ပြုစာရရှိသူသည် အာမခံငွေ(သို့) ကြိုတင်ငွေကောက်ခံခြင်းဖြစ်သော အခြားငွေများ ကောက်ခံ၍မရပါ။

ခွင့်ပြုစာရရှိသူ၏ ဤပုဒ်မအရ ကျူးလွန်ခြင်း(သို့)မလိုက်နာခြင်းသည် အများပြည်သူအကျိုးအပေါ် ပြင်းထန်သော ဆုံးရှုံးမှုဖြစ်ပေါ်စေသည်ဟု ယူဆသည်။

ဤပုဒ်မအား ဤအက်ဥပဒေအရ ပြုလုပ်သော ဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှုပေးခြင်း စာချုပ်နှင့် တင်းကြပ်အသုံးပြုရမည်။

ပုဒ်မ ၅၉ ခွင့်ပြုစာရရှိသူသည် မိမိ၏ဝန်ဆောင်မှုကြေးနှင့်သုံးစွဲမှုခနှုန်းထားများကို အများသိရှိအောင် ဖော်ပြပေးရန်နှင့် ကော်မတီအဖွဲ့မှသတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ဝန်ဆောင်မှုသုံးစွဲသူတိုင်း သိရှိအောင် အကြောင်းကြားရမည်ဖြစ်ပြီး ပြည်သူလူထုများမှ စစ်ဆေးနိုင်ရန်အတွက် ခွင့်ပြုစာရရှိသူ၏ အလုပ်ခွင်တွင် အဆိုပါနှုန်းထားများကို သိသာမြင်လွယ်သော နေရာတွင်ဖော်ပြထားရမည်။

သင့်လျော်သည်ဟုထင်မြင်သောကိစ္စတွင် ကော်မတီအဖွဲ့မှ ခွင့်ပြုစာရရှိသူသည် ဝန်ဆောင်မှုအသုံးမပြုမီ ဝန်ဆောင်မှုသုံးစွဲသူမှ အခေါက်တိုင်း(သို့)လိုအပ်သည့်အချိန်တွင် ကြိုတင်၍သိရှိစေရန် သုံးစွဲမှုခနှင့် ဝန်ဆောင်မှုကြေးနှုန်းထားများ အကြောင်းကြားသောစနစ်ရှိစေရန် သတ်မှတ်နိုင်ပြီး ငွေကောက်ခံခြင်း မရှိရပါ။

ပုဒ်မ ၆၀ စီးပွားရေးအခြေအနေ(သို့)လူမှုရေးပြောင်းလဲသွားခြင်း (သို့)ပုဒ်မ ၅၅ အရ ကော်မတီအဖွဲ့မှ သတ်မှတ်သော ဝန်ဆောင်မှုကြေး(သို့)သုံးစွဲမှုခ အမြင့်ဆုံးနှုန်းထားသည် မသင့်လျော်ဟု အကြောင်းတစ်ခုခုရှိသော ကိစ္စရှိခြင်းကြောင့် ခွင့်ပြုစာရရှိသူအကြား အားသာချက်အားနည်းချက်များ ဖြစ်ပေါ်စေခြင်း (သို့) ဝန်ဆောင်မှုသုံးစွဲသူအား တရားမျှတမှုမရှိသော ဝန်ပိုရရှိစေမှုဖြစ်စေပါက ကော်မတီအဖွဲ့မှ ဝန်ဆောင်မှုကြေးနှုန်းထား (သို့) အဆိုပါသုံးစွဲမှုခကို သင့်လျော်အောင် ပြုပြင်မှုပြုလုပ်ရန် သုံးသပ်နိုင်သည်။

## အုပ်စု ၈
## ကြီးကြပ်စောင့်ရှောက်ခြင်း

ပုဒ်မ ၆၁ ဤအက်ဥပဒေအတိုင်း ဖြစ်စေရန် လုပ်ဆောင်ခြင်းအတွက် တာဝန်ရှိဝန်ထမ်းအား အောက်ပါ အာဏာနှင့်တာဝန်ရှိစေရမည်။

(ဃ) နေထွက်ချိန်မှနေဝင်ချိန်အကြား ခွင့်ပြုစာရရှိသူ၏ လုပ်ငန်းလုပ်ဆောင်ရာ တိုက်(သို့)နေရာအတွင်းသို့ ဝင်ရောက်နိုင်ခြင်း (သို့) လုပ်ငန်း၊ ဘဏ်စာရင်းအကောင့်၊ သက်သေစာရွက်စာတမ်း (သို့) ပတ်သက်သည့် အချက်အလက်များကို စစ်ဆေးရန်အတွက် ထိုနေရာ၏အလုပ်ချိန်အတွင်းသို့ ဝင်ရောက်နိုင်ခြင်းနှင့် ဤအက်ဥပဒေတွင် မိန့်ချထားသော မိန့်ဆိုချက်များကို ကျူးလွန်ခြင်း (သို့) ခွင့်ပြုစာတွင်သတ်မှတ်ထားသည့်အတိုင်း မလိုက်နာခြင်း ဖြစ်သော လုပ်ဆောင်ခြင်းများအားလုံး ပြုလုပ်နိုင်ခြင်း

(၂) လူပုဂ္ဂိုလ်တစ်ဦးဦးအား မေးမြန်းရန်အတွက် စာဖြင့်ခေါ်ယူခြင်း (သို့) သုံးသပ်ချက်တွင် အသုံးပြုရန်အတွက် စာရွက်စာတမ်းပေးပို့စေခြင်း(သို့)ပစ္စည်းပေးပို့စေခြင်း

(၃) ခွင့်ပြုစာရရှိသူမှ အမှားပြုလုပ်ခြင်း (သို့) ဤအက်ဥပဒေအတိုင်း(သို့)ခွင့်ပြုခြင်းကန့်သတ်ချက်ဖြစ်သော သတ်မှတ်ထားသည့်အတိုင်း မလိုက်နာခြင်းကြောင့် ဆုံးရှုံးမှုဖြစ်ပေါ်စေခြင်းရှိသော ကိစ္စများတွင် စစ်ဆေးပြီး ဖြစ်ရပ်မှန်များကို စုစည်း၍ ကော်မတီအဖွဲ့သို့တင်ပြခြင်း

အပိုဒ် ၁ အရ တာဝန်ရှိဝန်ထမ်း၏ တာဝန်ထမ်းဆောင်ခြင်းတွင် ပတ်သက်မှုရှိသောပုဂ္ဂိုလ်များသည် သင့်လျော်သည့်အတိုင်း အဆင်ပြေမှုရှိစေရန် ကူညီမှုပေးရမည်။

အပိုဒ် ၁ အရ ဝင်ရောက်ပြီးစစ်ဆေးပြီးသောအချိန်နောက်ပိုင်း ပြီးဆုံးအောင် မလုပ်ဆောင်နိုင်သေးပါက နေဝင်ပြီးနောက်ပိုင်း(သို့)ထိုနေရာ၏ အလုပ်ချိန်နောက်ပိုင်းတွင် ဆက်လက်ပြုလုပ်နိုင်သည်။

ဤပုဒ်မအရလုပ်ဆောင်သော တာဝန်ရှိဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်ခြင်းသည် ကော်မတီအဖွဲ့မှ သတ်မှတ်ထားသော ညွှန်ကြားချက်အတိုင်းဖြစ်ရမည်။ ဤတွင် အဆိုပါကြေညာချက်သည် ဤပုဒ်မအရ တာဝန်အာဏာအသုံးပြုမည့် တာဝန်ရှိဝန်ထမ်း၏ ရာထူးကိုသတ်မှတ်ပေးရန်နှင့် ကိစ္စရပ်ပေါ်မူတည်၍ ဤပုဒ်မအရ အာဏာအသုံးပြုခြင်း အခွင့်အရေးရှိစေခြင်း အကြောင်းရင်းနှင့်လိုအပ်မှုများကိုပါ သတ်မှတ်ရမည်။

ဤအက်ဥပဒေအရ တာဝန်ထမ်းဆောင်ရာတွင် ကော်မတီနှင့်တာဝန်ရှိဝန်ထမ်းအား အုပ်ချုပ်ရေးဥပဒေအရ တာဝန်ရှိဝန်ထမ်းဖြစ်စေရမည်။

ပုဒ်မ ၆၂ တာဝန်ထမ်းဆောင်ရာတွင် တာဝန်ရှိဝန်ထမ်းသည် ပတ်သက်မှုရှိသောပုဂ္ဂိုလ်အား ဝန်ထမ်းကဒ် ဖော်ပြရမည်။

တာဝန်ရှိဝန်ထမ်း၏ ဝန်ထမ်းကဒ်သည် ကော်မတီအဖွဲ့မှ ကြေညာသတ်မှတ်ထားသည့်အတိုင်း ဖြစ်ရမည်။

ပုဒ်မ ၆၃ ပြည်သူလူထု၏ တည်ငြိမ်အေးချမ်းမှု၊ တိုင်းပြည်၏တည်တံ့ခိုင်မြဲမှု (သို့)စီးပွားရေးပိုင်း တည်တံ့မှုကို ထိန်းသိမ်းရန်အတွက် (သို့)အများပြည်သူအကျိုးကို ကာကွယ်ရန်အတွက် အရေးကြီးသော(သို့) လိုအပ်သောကိစ္စရှိချိန်တွင် အစိုးရ၏ဌာနအား ခေတ္တအစားထိုးလုပ်ငန်းဆောင်ရွက်ရန်(သို့) လွဲအပ်ရန် အတွက် ကော်မတီအဖွဲ့မှ တာဝန်ရှိဝန်ထမ်းအား ဝင်ရောက်အုပ်ချုပ်စေခြင်းနှင့် ခွင့်ပြုစာရရှိသူ၏ ပစ္စည်းနှင့်ကိရိယာများကို အသုံးပြုစေခြင်း (သို့) ထိုအရေးကြီးသော(သို့)လိုအပ်သောကိစ္စ ပြီးဆုံးပြီးမှသာ ခွင့်ပြုစာရရှိသူ(သို့)ခွင့်ပြုစာရရှိသူ၏ ဝန်ထမ်းများကို အဆိုပါကိစ္စအတွက် တစ်စုံတစ်ရာပြုလုပ်ရန် ကော်မတီအဖွဲ့မှခိုင်းစေနိုင်သည်။

အပိုဒ် ၁ အရ လုပ်ငန်းလုပ်ဆောင်ရာတွင် တာဝန်ရှိဝန်ထမ်းသည် ခွင့်ပြုစာရရှိသူအား ဆုံးရှုံးမှုဖြစ်ပေါ်စေသောအခါ ခွင့်ပြုစာရရှိသူသည် တရားမျှတမှုအတိုင်း ဌာနမှ ထိုဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းဆိုခွင့်ရှိသည်။

## အုပ်စု ၉
## အုပ်ချုပ်ရေးပိုင်းတင်းကြပ်ခြင်း

ပုဒ်မ ၆၄ ခွင့်ပြုစာရရှိသူသည် ပုဒ်မ ၉ အပိုဒ်(၅)၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂ အပိုဒ်(၂)(သို့)အပိုဒ်(၃)၊ ပုဒ်မ ၁၃ အပိုဒ်(၂)၊ ပုဒ်မ ၁၅၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၈၊ ပုဒ်မ ၂၀၊ ပုဒ်မ ၂၂၊ ပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ အပိုဒ်(၂)၊ ပုဒ်မ ၂၇၊ ပုဒ်မ ၂၈၊ ပုဒ်မ ၂၉၊ ပုဒ်မ ၃၃၊ ပုဒ်မ ၃၄၊ ပုဒ်မ ၃၈၊ ပုဒ်မ ၄၅ အပိုဒ်(၃)၊ ပုဒ်မ ၄၆၊ ပုဒ်မ ၄၉၊ ပုဒ်မ ၅၀၊ ပုဒ်မ ၅၁၊ ပုဒ်မ ၅၂၊ ပုဒ်မ ၅၃၊ ပုဒ်မ ၅၄၊ ပုဒ်မ ၅၆၊ ပုဒ်မ ၅၇၊ ပုဒ်မ ၅၈ (သို့) ပုဒ်မ ၅၉ ကျူးလွန်ခြင်း(သို့)မလိုက်နာခြင်းများရှိကြောင်း အတွင်းဝန်မှတွေ့ရှိသောကိစ္စတွင် အတွင်းဝန်မှ ခွင့်ပြုစာရရှိသူအား ကျူးလွန်မှုကိုရပ်တန့်စေခြင်း (သို့) ပြုပြင်ပြောင်းလဲခြင်း (သို့) မှန်ကန်အောင်(သို့)သင့်တော်အောင် သတ်မှတ်ထားသည့်အချိန်အတွင်းတွင် ပြုလုပ်ရန် အမိန့်ချခွင့်အာဏာရှိသည်။

ပုဒ်မ ၆၅ ခွင့်ပြုစာရရှိသူသည် ပုဒ်မ ၆၄ အရ အတွင်းဝန်မှ အမိန့်လက်ခံရရှိပြီး အဆိုပါအမိန့်ကို မကျေနပ်မှုရှိသော ကိစ္စတွင် အဆိုပါအကြောင်းကြားခြင်း လက်ခံရရှိပြီးသည့်နေ့မှစ၍ ၁၅ ရက်အတွင်းတွင် ကော်မတီအဖွဲ့သို့ အယူခံဝင်တင်နိုင်ပြီး ကော်မတီအဖွဲ့၏ ဆုံးဖြတ်ချက်သည် အဆုံးစွန်ဖြစ်သည်။

ပုဒ်မ ၆၆ ခွင့်ပြုစာရရှိသူသည် ပုဒ်မ ၆၄ အရ အတွင်းဝန်၏အမိန့်အတိုင်း လိုက်နာမှုမရှိခြင်းနှင့် ပုဒ်မ ၆၅ အရ အယူခံဝင်တင်ခြင်း သတ်မှတ်ချိန်ကျော်လွန်ပြီးသောအခါ (သို့) ကော်မတီအဖွဲ့မှ အတွင်းဝန်အမိန့်အတိုင်း ဆုံးဖြတ်ချက်ထုတ်ပြီးသောအချိန်တွင် အတွင်းဝန်မှ အကြောင်းကြားစာပေးပို့ပြီး၍ ထိုအမိန့်အတိုင်းလိုက်နာခြင်း မရှိသေးပါက အတွင်းဝန်အား အုပ်ချုပ်ရေးပိုင်းအစိုးရဝန်ထမ်းကိုဆောင်ရွက်ခြင်း ဥပဒေအရ အုပ်ချုပ်မှုပိုင်းဆိုင်ရာ ဒဏ်ကြေးသတ်မှတ်စေပြီး တစ်ရက်လျှင် နှစ်သောင်းဘတ်ထက်မနိမ့်ရပါ။

ခွင့်ပြုစာရရှိသူသည် မှန်ကန်အောင်မဆောင်ရွက်ဘဲ လျစ်လျူရှုထားခြင်း (သို့) ခွင့်ပြုစာအသုံးပြုခြင်း ရပ်နားမှုအမိန့်ကိုကျူးလွန်ခြင်း (သို့) အများပြည်သူအကျိုးအပေါ် ပြင်းထန်သောဆုံးရှုံးမှုဖြစ်စေခြင်း စသောကိစ္စများ ရှိသောအချိန်တွင် ကော်မတီအဖွဲ့အား ခွင့်ပြုစာရပ်နားခြင်း(သို့)ပယ်ဖျက်ခြင်းပြုလုပ်ရန် အာဏာရှိသည်။

ခွင့်ပြုစာရပ်နားခြင်း(သို့)ပယ်ဖျက်ခြင်းဖြစ်စေသော အမှားပြုလုပ်မှု သတ်မှတ်ခြင်းသည် ကော်မတီအဖွဲ့မှ ကြေညာသတ်မှတ်ထားသည့်အတိုင်း ဖြစ်ရမည်။

## အခန်း ၁၀
## ပြစ်ဒဏ်သတ်မှတ်ခြင်း

ပုဒ်မ ၆၇ ခွင့်ပြုချက်မရရှိဘဲ ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်သူ (သို့) ခွင့်ပြုချက်မရှိဘဲ ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ခြင်းတွင် အသံလိုင်းအသုံးပြုခြင်းရှိပါက အောက်ပါအတိုင်း ပြစ်ဒဏ်ပေးခြင်း ခံရမည်။

(၁) အများပြုလုပ်ခြင်းသည် ခွင့်ပြုစာပုံစံ(၁)ရှိရန် သတ်မှတ်ထားသော လုပ်ငန်းလုပ်ဆောင်ခြင်းဖြစ်ပါက ဒဏ်ငွေ ဘတ်တစ်သိန်းထက်မကျော်သော ပြစ်ဒဏ်ခံရမည်။

(၂) အများပြုလုပ်ခြင်းသည် ခွင့်ပြုစာပုံစံ(၂)ရှိရန် သတ်မှတ်ထားသော လုပ်ငန်းလုပ်ဆောင်ခြင်းဖြစ်ပါက ထောင်ဒဏ် ၂ နှစ်ထက်မကျော် (သို့) ဒဏ်ငွေ ဘတ်တစ်သန်းထက်မကျော် (သို့) နှစ်မျိုးစလုံး ပြစ်ဒဏ်ခံရမည်။

(၃) အများပြုလုပ်ခြင်းသည် ခွင့်ပြုစာပုံစံ(၃)ရှိရန် သတ်မှတ်ထားသော လုပ်ငန်းလုပ်ဆောင်ခြင်းဖြစ်ပါက ထောင်ဒဏ် ၅ နှစ်ထက်မကျော် (သို့) ဒဏ်ငွေ ဘတ်ဆယ်သန်းထက်မကျော် (သို့) နှစ်မျိုးစလုံး ပြစ်ဒဏ်ခံရမည်။

ပြုလုပ်သူသည် ဤအက်ဥပဒေအရ အများပြုလုပ်သည်ဟု တရားရုံးမှစီရင်ဆုံးဖြတ်သော အခြေအနေတွင် တရားရုံးအား ပစ္စည်းကိရိယာများနှင့် ထိုကိစ္စတွင်အသုံးပြုသော အရာများအားလုံးကို သိမ်းဆည်းပစ်ရမည်။

ပုဒ်မ ၆၈ ပုဒ်မ ၁၄ အရ ခွင့်ပြုချက်မရရှိဘဲ ဂန်ဆောင်မှုပေးခြင်းကို တိုးချဲ့သောသူသည် ထောင်ဒဏ် ၃ နှစ်ထက်မကျော် (သို့) ဒဏ်ငွေ ဘတ်ခြောက်သိန်းထက်မကျော် (သို့) နှစ်မျိုးစလုံး ပြစ်ဒဏ်ခံရမည်။

ပုဒ်မ ၆၉ ပုဒ်မ ၂၁ ကျူးလွန်သော ခွင့်ပြုစာရရှိသူသည် ထောင်ဒဏ် ၃ နှစ်ထက်မကျော် (သို့) ဒဏ်ငွေ ဘတ်ခြောက်သိန်းထက်မကျော် (သို့) နှစ်မျိုးစလုံး ပြစ်ဒဏ်ခံရခြင်းနှင့် အများထပ်မံပြုလုပ်သောအချိန်တွင် ပြစ်ဒဏ် ၂ဆ ပေးခြင်းခံရမည်။

ပုဒ်မ ၇၀ ပုဒ်မ ၃၁ အရ ကော်မတီအဖွဲ့၏ အမိန့်ကို မလိုက်နာသော ခွင့်ပြုစာရရှိသူသည် ထောင်ဒဏ် ၃ နှစ်ထက်မကျော် (သို့) ဒဏ်ငွေ ဘတ်ခြောက်သိန်းထက်မကျော် (သို့) နှစ်မျိုးစလုံး ပြစ်ဒဏ်ခံရမည်။

ပုဒ်မ ၇၁ ပုဒ်မ ၃၆ အရ ခွင့်ပြုချက်မရရှိဘဲ ဆက်သွယ်ရေးလုပ်ငန်းတွင် အသုံးပြုသော ကိရိယာများ၏ စံချိန်စစ်ဆေးခြင်း(သို့)အာမခံခြင်း ပြုလုပ်သောသူသည် ထောင်ဒဏ် ၃ လထက်မကျော် (သို့) ဒဏ်ငွေ ဘတ်ငါးသောင်းထက်မကျော် (သို့) နှစ်မျိုးစလုံး ပြစ်ဒဏ်ခံရမည်။

ဆက်သွယ်ရေးလုပ်ငန်းတွင် အသုံးပြုသော ကိရိယာများ၏ စံချိန်စစ်ဆေးခြင်း(သို့)အာမခံခြင်းဌာန ပြုလုပ်ရန် ခွင့်ပြုချက်ရရှိသူသည် ပုဒ်မ ၃၆ အပိုဒ် ၄ အရ ကော်မတီအဖွဲ့မှသတ်မှတ်ထားသည့် ကန့်သတ်ချက်အတိုင်း မလိုက်နာသောသူသည် ဒဏ်ငွေ ဘတ်တစ်သောင်းထက်မကျော်သော ပြစ်ဒဏ်ပေးခြင်းခံရမည်။

ပုဒ်မ ၇၂ ဆက်သွယ်ရေးလုပ်ငန်းစနစ်ကို အနှောင့်အယှက် မဖြစ်စေဘဲ ပုဒ်မ ၄၄ အပိုဒ် ၁ ကို ကျူးလွန်သောသူသည် ထောင်ဒဏ် ၆ လထက်မကျော် (သို့) ဒဏ်ငွေ ဘတ်တစ်သိန်းထက်မကျော် (သို့) နှစ်မျိုးစလုံး ပြစ်ဒဏ်ခံရမည်။

ပုဒ်မ ၇၃ ပုဒ်မ ၄၄ အရ ကော်မတီအဖွဲ့မှ ကြေညာသတ်မှတ်ထားသော တိုင်းတာချက်အရ ဆက်သွယ်ရေးလုပ်ငန်းစနစ်ကို စောင့်ရှောက်ရန်အတွက် သတ်မှတ်ထားသော အမှတ်အသား(သို့)အခြားအရာများကို ပျက်စီးစေခြင်း၊ ဖျက်ဆီးခြင်း၊ စွမ်းရည်နိမ့်စေခြင်းနှင့် အကျိုးမဲ့အောင်ပြုလုပ်စေခြင်း ပြုလုပ်သောသူသည် ထောင်ဒဏ် ၂နှစ်ထက်မကျော် (သို့) ဒဏ်ငွေ ဘတ်လေးသိန်းထက်မကျော် (သို့) နှစ်မျိုးစလုံး ပြစ်ဒဏ်ခံရမည်။

ပုဒ်မ ၇၄ အကျိုးအသုံးပြုရန်အတွက် ကြားဖြတ်လက်ခံထားခြင်း (သို့) ဥပဒေနှင့်မညီညွတ်ဘဲ ဆက်သွယ်ရေးလုပ်ငန်းပိုင်း သတင်းအချက်အလက်များ (သို့) ဆက်သွယ်မှု အချက်အလက်များကို ဖြန့်ဝေခြင်း တစ်ခုခုပြုလုပ်သောသူသည် ထောင်ဒဏ် ၂နှစ်ထက်မကျော် (သို့) ဒဏ်ငွေ ဘတ်လေးသိန်းထက်မကျော် (သို့) နှစ်မျိုးစလုံး ပြစ်ဒဏ်ခံရမည်။

ပုဒ်မ ၇၅ ပုဒ်မ ၆၁ အပိုဒ် ၁(၁)အရ တာဝန်ရှိဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုကို အကူအညီမပေးသောသူ (သို့) ပုဒ်မ ၆၁ အပိုဒ် ၁(၂)အရ တာဝန်ရှိဝန်ထမ်း၏ခေါ်စာရှိပြီး သတင်းအချက်အလက် လာမပေးသောသူ(သို့)စာရွက်စာတမ်းနှင့်ပစ္စည်းများ မပို့ပေးသောသူသည် ထောင်ဒဏ် ၁ လထက်မကျော် (သို့) ဒဏ်ငွေ ဘတ်တစ်သောင်းထက်မကျော် (သို့) နှစ်မျိုးစလုံး ပြစ်ဒဏ်ခံရမည်။

ပုဒ်မ ၇၆ ပုဒ်မ ၆၃ အပိုဒ် ၁ အရ တာဝန်ရှိဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်သောသူသည် ထောင်ဒဏ် ၆ လထက်မကျော် (သို့) ဒဏ်ငွေ ဘတ်တစ်သိန်းထက်မကျော် (သို့) နှစ်မျိုးစလုံး ပြစ်ဒဏ်ခံရမည်။

ပုဒ်မ ၇၇ ၆ လထက်မကျော် ထောင်ဒဏ်ရှိသော ဤအက်ဥပဒေအရ ပြစ်မှုများသည် ကော်မတီအဖွဲ့မှ ပြုပြင်ပြောင်းလဲနိုင်းယှဉ်ရန် အာဏာရှိပြီး ကော်မတီအဖွဲ့မှ အစားထိုးပြုပြင်ပြောင်းလဲမှု လုပ်ဆောင်ရန်အတွက် ကော်မတီခွဲအဖွဲ့ တည်ထောင်ခွင့်ရှိ၍ နှိုင်းယှဉ်မှု ညွှန်ကြားချက်များ သတ်မှတ်ခြင်း (သို့) ကော်မတီခွဲအဖွဲ့၏ တာဝန်ထမ်းဆောင်ခြင်း ကန့်သတ်ချက်များ သတ်မှတ်ခြင်းပြုလုပ်နိုင်သည်။

စစ်ဆေးရေးဝန်ထမ်းမှ အမှားပြုလုပ်ခြင်းတွေ့ရှိသော အခြေအနေနှင့် အမှားပြုလုပ်သူမှ နှိုင်းယှဉ်ခွင့် သဘောတူသော အခြေအနေတွင် လျင်မြန်သောပြုပြင်ပြောင်းလဲနှိုင်းယှဉ်ခြင်း သုံးသပ်ခြင်းလုပ်ဆောင်ရန်အတွက် စစ်ဆေးရေးဝန်ထမ်းမှ ကော်မတီအဖွဲ့သို့ တင်ပြရမည်။

အမှားပြုလုပ်သူမှ နှိုင်းယှဉ်မှုပြုလုပ်ပြီးသော ဒဏ်ကြေးအတိုင်း ပေးချေပြီးပါက ပြစ်မှားမှုသုံးသပ်ခြင်းနည်းလမ်း ဥပဒေအရ ဥပဒေအတိုင်း အမှုပြီးဆုံးသည်ဟု ယူဆသည်။

ပုဒ်မ ၇၈ ဤအက်ဥပဒေအရ ပြစ်ဒဏ်လက်ခံရန် အမှားပြုလုပ်သောသူသည် အဖွဲ့အစည်းဖြစ်ပါက အုပ်ချုပ်ရေးကော်မတီ၊ မန်နေဂျာ (သို့) ထိုအဖွဲ့အစည်းလုပ်ငန်းလုပ်ဆောင်ခြင်း တာဝန်ယူရသော ပုဂ္ဂိုလ်များသည် ထိုပြစ်မှုများအတွက် ချမှတ်ထားသော ပြစ်ဒဏ်များ လက်ခံရပြီး ထိုအမှားပြုလုပ်ခြင်းသည် မိမိမှ မသိရှိခြင်း(သို့) သဘောမတူခြင်းဖြစ်ကြောင်း သက်သေပြနိုင်မှသာ ပြစ်ဒဏ်လက်ခံရမည် မဟုတ်ပါ။

### ကာလတစ်ခုအတွက် ပြဋ္ဌာန်းချက်

ပုဒ်မ ၇၉ ဤအက်ဥပဒေတင်းကြပ်အသုံးပြုသောနေ့တွင် ရှိနေသော ထိုင်းနိုင်ငံဆက်သွယ်ရေးနှင့် ထိုင်းနိုင်ငံတယ်လီဖုန်းရေးရာအဖွဲ့၏ လုပ်ငန်းလုပ်ဆောင်ခြင်းတာဝန်ယူမှုတွင်ရှိနေသော လုပ်ငန်းလုပ်ဆောင်ခြင်း၊ ဝန်ဆောင်မှုပေးခြင်းနယ်ပယ်၊ ဆက်သွယ်ရေးလုပ်ငန်း ဝန်ဆောင်မှုပေးခြင်း အခွင့်အရေးများ၏ လက္ခဏာနှင့်အမျိုးအစား အတိုင်း ထိုင်းနိုင်ငံဆက်သွယ်ရေးနှင့်ထိုင်းနိုင်ငံတယ်လီဖုန်းရေးရာအဖွဲ့အား ဤအက်ဥပဒေအရ ဆက်သွယ်ရေးလုပ်ငန်း လုပ်ဆောင်ခြင်းခွင့်ပြုစာ ထုတ်ပေးရန် ကော်မတီအဖွဲ့မှ လုပ်ဆောင်ရမည်။ ဤတွင် ပုဒ်မ ၈ အရ ကော်မတီအဖွဲ့မှ ခွင့်ပြုခြင်းညွှန်ကြားချက် ကြေညာသတ်မှတ်သည့်နေ့မှစ၍ ရက် ၁၈၀ ထက်မကျော်ရပါ။

အပိုဒ် ၁ အရ ခွင့်ပြုစာထုတ်ပေးခြင်းသည် ကော်မတီအဖွဲ့အား ထိုင်းနိုင်ငံဆက်သွယ်ရေးနှင့် ထိုင်းနိုင်ငံ တယ်လီဖုန်းရေးရာအဖွဲ့၏ လုပ်ငန်းလုပ်ဆောင်ခြင်းနှင့်ပတ်သက်သော ကန့်သတ်ချက်များကို သင့်လျော်သည့်အတိုင်း သတ်မှတ်ပေးရပြီး မူလဝန်ဆောင်မှုလက်ခံရရှိနေသော ပြည်သူလူထု၏အကျိုးကျေးဇူးနှင့် ဤအက်ဥပဒေရည်ရွယ်ချက် အတိုင်းအောင်မြင်စေရန်အတွက် ဝန်ဆောင်မှုပေးခြင်း အရည်အသွေးနှင့်စွမ်းရည် (သို့) အခြားအရာများကို ဖွံ့ဖြိုးစေခြင်း များကို ထည့်သွင်းစဉ်းစားပေးရမည်။

ထိုင်းနိုင်ငံဆက်သွယ်ရေးနှင့် ထိုင်းနိုင်ငံ တယ်လီဖုန်းရေးရာအဖွဲ့အား ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ခြင်းနှင့် ပတ်သက်သောအချက်အလက် အသေးစိတ်များကို ဤအက်ဥပဒေ စတင်တင်းကြပ်သော အသုံးပြုသည့်နေ့မှစ၍ ရက် ၃၀ အတွင်းတွင် ကော်မတီအဖွဲ့သို့ အကြောင်းကြားရမည်။

အပိုဒ် ၁ အရ ခွင့်ပြုစာမရရှိသေးသော အချိန်အတွင်းတွင် ထိုင်းနိုင်ငံဆက်သွယ်ရေးနှင့် ထိုင်းနိုင်ငံ တယ်လီဖုန်းရေးရာအဖွဲ့အား ဆက်သွယ်ရေးလုပ်ငန်း ဆက်လက်လုပ်ဆောင်နိုင်သည်။

ပုဒ်မ ၈၀ ပုဒ်မ ၇၉ အရ ခွင့်ပြုစာရရှိသော ထိုင်းနိုင်ငံဆက်သွယ်ရေး(သို့)ထိုင်းနိုင်ငံတယ်လီဖုန်းရေးရာ အဖွဲ့၏ ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ရာတွင် အဆိုပါဌာနများသည် ဤအက်ဥဒေတင်းကြပ်အသုံးမပြုသည့်နေ့တွင် ရှိနေသော ဆက်သွယ်ရေးလုပ်ငန်းလုပ်ငန်းရှင်ဖြစ်သူတစ်ဦးဦးကို ခွင့်ပြုနယ်မြေခွင့်ပြုခြင်း(သို့)သဘောတူညီချက် ပေးခြင်းရှိပါက ထိုခွင့်ပြုစာရရှိသူ၊ ခွင့်ပြုနယ်မြေ (သို့)သဘောတူညီချက်ရရှိသောသူသည် အဆိုပါခွင့်ပြုနယ်မြေ(သို့) သဘောတူညီချက်ခွင့်ပြုခြင်း မပြီးမချင်း ရရှိနေသော ထိုခွင့်ပြုနယ်မြေ(သို့) သဘောတူညီချက်ခွင့်ပြုခြင်း နယ်ပယ်နှင့်အခွင့်အရေး အတိုင်း ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ခွင့် အခွင့်အရေးရရှိသည်။

အပိုဒ် ၁ အရ ခွင့်ပြုနယ်မြေ(သို့)သဘောတူညီချက်ရရှိသော ခွင့်ပြုစာရရှိသူ၏ ဆက်သွယ်ရေးလုပ်ငန်း လုပ်ဆောင်ခြင်းသည် ဤအက်ဥပဒေ၏ ညွှန်ကြားချက်အောက်နှင့် တရားမျှတမှုနှင့်လွတ်လပ်စွာယှဉ်ပြိုင်ခြင်း အဓိက၏ အခြေခံပေါ်တွင်သတ်မှတ်ထားသော ကော်မတီအဖွဲ့၏ ကန့်သတ်ချက်များအတိုင်း တည်ရှိရမည်။ ဤကိစ္စတွင် ထိုသူသည် ကော်မတီအဖွဲ့မှ ခွင့်ပြုစာပယ်ဖျက်စေနိုင်သော အကြောင်းရင်းဖြစ်သည့် ဤအက်ဥပဒေအရ ပြစ်မှုပြုလုပ်ခြင်းတွင် ဤအက်ဥပဒေအရ ခွင့်ပြုစာရရှိသူနှင့်တစ်ပုံစံတည်းဖြစ်သော တာဝန်နှင့်ဝတ္တရားရှိသည်။ ခွင့်ပြုနယ်မြေ(သို့)သဘောတူညီချက်ရရှိသော ခွင့်ပြုစာရရှိသူ၏ ပြုလုပ်ခြင်းဖြစ်ပါက ကော်မတီအဖွဲ့မှ ထိုခွင့်ပြုနယ်မြေ(သို့) သဘောတူညီချက်ရရှိသော ခွင့်ပြုစာရရှိသူ၏ ခွင့်ပြုခြင်းကို ပယ်ဖျက်ခွင့် အာဏာရှိသည်။

ထိုခွင့်ပြုနယ်မြေ(သို့)သဘောတူညီချက် ခွင့်ပြုခြင်း၏ ကျန်ရှိနေသော အချိန်အတိုင်း ဆက်သွယ်ရေးလုပ်ငန်း လုပ်ဆောင်မှုအခွင့်အရေးလျှော့ချခြင်း(သို့)ကန့်သတ်ခြင်းမဟုတ်သော ခွင့်ပြုနယ်မြေ(သို့)သဘောတူညီချက် ခွင့်ပြုခြင်း ကန့်သတ်ချက်ပြောင်းလဲမှု သဘောတူမှုပြုလုပ်ခြင်းသည် အဆိုပါခွင့်ပြုနယ်မြေ(သို့)သဘောတူညီချက် ခွင့်ပြုခြင်း၏ ပြည့်ဂမှုကို သက်ရောက်မှုမရှိသော ပြုလုပ်ခြင်းဟု ယူဆသည်။

ခွင့်ပြုနယ်မြေ (သို့) သဘောတူညီချက် ခွင့်ပြုခြင်းရရှိသောသူတစ်ဦးဦးသည် ထိုခွင့်ပြုနယ်မြေ(သို့)သဘောတူညီ ချက် ခွင့်ပြုခြင်းကို ပြောင်းလဲရန်အတွက် ထိုင်းနိုင်ငံဆက်သွယ်ရေး(သို့)ထိုင်းနိုင်ငံတယ်လီဖုန်းရေးရာအဖွဲ့နှင့် သဘောတူညီမှုပြုလုပ်သောအခြေအနေတွင် ဤအက်ဥပဒေအရ ခွင့်ပြုစာရရှိစေပြီး ကော်မတီအဖွဲ့အား ထိုခွင့်ပြုနယ်မြေ (သို့) သဘောတူညီချက် ခွင့်ပြုခြင်းရရှိသောသူအား ခွင့်ပြုစာထုတ်ပေးရန် လုပ်ဆောင်ရပြီး နှစ်ဦးနှစ်ဖက်မှ သဘောတူမှု ပြုလုပ်ထားသော မူလဆက်သွယ်ရေးလုပ်ငန်းဂန်ဆောင်မှုပေးခြင်း နယ်ပယ်ရရှိစေရန်နှင့် ထိုခွင့်ပြုနယ်မြေ (သို့) သဘောတူညီချက် ခွင့်ပြုခြင်း၏ ကျန်ရှိနေသော အချိန်အတိုင်းရှိစေရမည်။ ဤတွင် ဤအက်ဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိပါက ခွင့်ပြုစာထုတ်ပေးရာတွင် ပုဒ်မ ၇၉ ကို ချွင်းချက်မရှိ တင်းကြပ်အသုံးပြုရမည်။

ဤအက်ဥပဒေတင်းကြပ်အသုံးပြုသည့်နေ့တွင် ရှိနေသော အခြားအစိုးရဌာနများမှ ခွင့်ပြုနယ်မြေ (သို့) သဘောတူညီချက် ခွင့်ပြုခြင်းရရှိသောသူများကိုလည်း ချွင်းချက်မရှိ ဤပုဒ်မရှိအကြောင်းကို တင်းကြပ်အသုံးပြုရမည်။

ပုဒ်မ ၈၁ ကော်မတီအဖွဲ့မှ ပုဒ်မ ၈ အတိုင်း ခွင့်ပြုခြင်းညွှန်ကြားချက်များကို ကြေညာသတ်မှတ်ပြီးသော အချိန်တွင် မကြေညာမီ ရက် ၁၂၀ ထက်မနည်းသောနှင့် ပုဒ်မ ၇၉ နှင့် ပုဒ်မ ၈၀ ၏ အုပ်ချုပ်မှုအောက် ရှိမနေသော ဥပဒေနှင့်ညီညွတ်သည့် ဆက်သွယ်ရေးလုပ်ငန်းဂန်ဆောင်မှုပေးခြင်းရှိနေသောသူသည် ဆက်လက်၍ ဂန်ဆောင်မှုပေးရန် ရည်ရွယ်ချက်ရှိပါက အဆိုပါကော်မတီအဖွဲ့ကြေညာချက်ထုတ်ပြန်သည့်နေ့မှစ၍ ရက် ၉၀ အတွင်း ဤအက်ဥပဒေအရ ခွင့်ပြုစာရရှိစေရန် တောင်းဆိုရန်နှင့် ထိုအချိန်အတွင်းတွင် ဆက်သွယ်ရေးလုပ်ငန်း ဂန်ဆောင်မှုပေးခြင်း ဆက်လက်လုပ်ဆောင်နိုင်သေးသည်။ ဤတွင် ကော်မတီအဖွဲ့သည် ခွင့်ပြုစာလျှောက်ထားခြင်း သုံးသပ်ခြင်းကို ခွင့်ပြုစာလျှောက်ထားသည့်နေ့မှစ၍ ရက် ၉၀ အတွင်းတွင် ပြီးဆုံးအောင်ဆောင်ရွက်ရမည်။

အပိုဒ် ၁ အရကြေညာခြင်းမှ နောက်ပိုင်းတွင် ဆက်သွယ်ရေးလုပ်ငန်း၏ လက္ခဏာနှင့်အမျိုးအစား ကော်မတီအဖွဲ့မှသတ်မှတ်ပါက အပိုဒ် ၁ ရှိအကြောင်းအရာကို ချွင်းချက်မရှိ ယူဆောင်အသုံးပြုရမည်။

ဘုရင့်အမိန့်တော်လက်ခံသူ
ရဲတပ်ဖွဲ့ဒုဗိုလ်ချုပ်ကြီး ထတ်ဆင် ချင်နဂပ်
ဂန်ကြီးချုပ်

မှတ်ချက် ႏ ဤအက်ဥပဒေကို ကြေညာရခြင်း၏အကြောင်းရင်းမှာ ထိုင်းနိုင်ငံအခြေခံအက်ဥပဒေ၏ ပုဒ်မ ၄၀ အတိုင်းဖြစ်စေရန်အတွက် မိန့်ချသည့်ဥပဒေဖြစ်သော ၂၀၀၀ ခုနှစ် အသံလိုင်းစီမံခြင်းနှင့် ရေဒီယိုအသံလွှင့်လုပ်ငန်း၊ ရေဒီယိုရုပ်မြင်သံကြား နှင့် ဆက်သွယ်ရေးလုပ်ငန်း ကြီးကြပ်ခြင်း အဖွဲ့အစည်းတည်ထောင်စေပြီး နိုင်ငံတော်အသံလွှင့်ခြင်းနှင့်ရုပ်မြင်သံကြားလုပ်ငန်းကော်မတီအဖွဲ့နှင့် နိုင်ငံတော်ဆက်သွယ်ရေးလုပ်ငန်းကော်မတီအဖွဲ့အား လွတ်လပ်အဖွဲ့အစည်းဖြစ်စေရန် တည်ထောင်ပြီး အသံလိုင်းစီမံခြင်းနှင့် ရေဒီယိုအသံလွှင့်ခြင်း ရေဒီယိုရုပ်မြင်သံကြားနှင့် ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ခြင်း ကြီးကြပ်စောင့်ရှောက်မှုတာဝန်ရှိစေပြီး နိုင်ငံတော်ဆက်သွယ်ရေးလုပ်ငန်းကော်မတီအဖွဲ့အား ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ခြင်း ခွင့်ပြုခြင်းနှင့်ကြီးကြပ်စောင့်ရှောက်ခြင်း တာဝန်အာဏာရှိစေ၍ ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ခြင်း ဥပဒေကို ပြုလုပ်ရမည်။ ထို့ကြောင့် အဆိုပါဥပဒေအတိုင်း ဖြစ်စေရန်နှင့် ဆက်သွယ်ရေးလုပ်ငန်းလုပ်ဆောင်ခြင်း ခွင့်ပြုမှုရှိစေရန်အတွက် အဆိုပါဥပဒေနှင့် ဆက်စပ်မှုရှိစေရန်အတွက် ကြေးနန်းနှင့်တယ်လီဖုန်းဥပဒေကို ပယ်ဖျက်ရခြင်းဖြစ်သောကြောင့် ဤအက်ဥပဒေကို မိန့်ချခြင်းဖြစ်ပါသည်။

This translated version is prepared with the sole purpose of facilitating the comprehension of foreign participants in the telecommunication rules and regulations and shall not in any event or by any reason be construed or interpreted as having effect in substitution for supplementary to the Thai version thereof. If its translation to other languages is in contrary to Thai version, the latter shall prevail.
Please note that the translation has not been subjected to an official review by the Office of the National Broadcasting and Telecommunications Commission. The Office of NBTC, accordingly, shall not undertake any responsibility for its accuracy, nor be held liable for any loss or damages arising from or in connection with its use.